# ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

အောက်တိုဘာလ ၂၀၁၉



PDi-Kintha
Peace & Development Initiative
Education for Peace & Development

The English language version of this report is the orgininal version and should be referred to in case of any inconsistencies. ဤစာတမ်းတွင်းပါဝင်သည့် မူရင်းအင်္ဂလိပ်စာမှာ အတည်ဖြစ်ပါသည်။ မြန်မာဘာသာပြန်ဆိုမှုများတွင် အနက်အဓိပ္ပါယ်ကွဲလွဲမှုများ တတ်နိုင်သမျှ မဖြစ်စေလိုသော ရည်ရွယ်ချက်ကြောင့် မူရင်းအင်္ဂလိပ်စာတမ်းကိုသာ အတည်ပြုဖတ်ရှုစေလိုပါသည်။

## မာတိကာ

*မာတိကာ* 2

စာလုံး အတိုကောက်နှင့် ဝေါဟာရများစာရင်း 3

*အနှစ်ချုပ်* 4

အဓိက ရှာဖွေတွေ့ရှိချက်များ 4

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့အကြောင်း 7

ရည်ရွယ်ချက်များ 8

သုတေသန နည်းလမ်းများ 8

*လက်ရှိ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ* 9

ပူးပေါင်းဆောင်ရွက်မှု တိုးတက်နေခြင်းနှင့် (ဝေမျှမှုကိစ္စ) 10

အစိုးရ၏ အခန်းကဏ္ဍ 12

အလှူရှင်များ၏ ကဏ္ဍ (Donor Engagement) 14

ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း 15

*အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ* 16

လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုများ 17

လူမှုအသိုင်းအဝိုင်း ဖူလုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများ 17

အယူဝါဒနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း 20

အမြင်သဘောထားချင်း မတိုက်ဆိုင်မှု 20

ကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးဆိုင်ရာနှင့် ရပ်ရွာအကျိုး 22

ဘာသာစကား၊ တစ်ကိုယ်တည်းသီးသန့်ဖြစ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း 23

အသိုင်းအဝိုင်းများအကြားဆက်ဆံရေး 24

မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ စိန်ခေါ်မှု 26

စာချုပ်ချုပ်ဆိုခြင်း၊ စွမ်းဆောင်ရည်နှင့် ဝန်ထုပ်ဝန်ပိုး 26

အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ 27

ပေါင်းစပ်ညှိနှိုင်းခြင် 29

အပြောတွင်သာရှိပြီး လုပ်ဆောင်မှုနည်းခြင်း 29

လုံခြုံရေး 30

*အကြံပြုချက်များ* 31

သက်ဆိုင်သူအားလုံးသို့ 31

ရခိုင်ဒေသရှိ ဒေသခံအဖွဲ့အစည်းများသို့ 32

နိုင်ငံတကာအေဂျင်စီများနှင့် အလှူရှင်များသို့ 33

နိုင်ငံတကာအေဂျင်စီများသို့ 34

အလှူရှင်အဖွဲ့အစည်းများသို့ 35

အစိုးရသို့ 35

## စာလုံး အတိုကောက်နှင့် ဝေါဟာရများစာရင်း

| | |
|---|---|
| AA | Arakan Army (ရက္ခိုင့်တပ်တော်) |
| ALNAP | Active Learning Network for Accountability and Performance in Humanitarian Action |
| CBO | Community-based organisation (လူထုအခြေပြုအဖွဲ့အစည်း) |
| CSO | Civil society organisation (အရပ်ဖက်လူ့အဖွဲ့အစည်း) |
| DSW | Department of Social Welfare (လူမှုဖူလုံရေး) |
| FGD | Focus group discussion (အုပ်စုဖွဲ့ဆွေးနွေးခြင်း) |
| ICRC | International Committee of the Red Cross (အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ) |
| IDP | Internally displaced persons (ပြည်တွင်း ရွှေ့ပြောင်းသူများ) |
| INGO | International non-governmental organisation (အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း) |
| KII | Key informant interview (တစ်ဦးချင်းအလိုက် သတင်းရယူ မေးမြန်းခြင်း) |
| LRC | Local Resource Centre (ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့) |
| (L/N)NGO | (Local/national) non-governmental organisation (ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်း) |
| (UN) OCHA | (United Nations) Office for the Coordination of Humanitarian Affairs |
| OIC | Organisation of Islamic Cooperation |
| PDI-Kintha | Peace and Development Initiative-Kintha (ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့) |
| REC | Rakhine Ethnics Congress (ရခိုင်တိုင်းရင်းသား မျိုးနွယ်များ အစည်းအရုံး) |
| USAID | United States Agency for International Development |

## အနှစ်ချုပ်

ဤသုတေသန အစီအရင်ခံစာသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အလယ်ပိုင်းအတွင်း နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများကြား လက်ရှိ ဖြစ်ပေါ်နေသော ပူးပေါင်းဆောင်ရွက်မှုများအပေါ် လေ့လာရှာဖွေ ခြင်းဖြစ်ပါသည်။ ဤသုတေသနကို ဇူလိုင်လ မှ အောက်တိုဘာလ အတွင်း USAID မှ အထောက်အပံ့ဖြင့် လုပ်ဆောင်ခဲ့ပြီး ဤလေ့လာချက်သည် အဖွဲ့အစည်းများ၏ အမြင်များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းများကို ပိုမိုနားလည်မှုများရှိကြရန်အတွက် အကြံပြုချက်များကို အဖွဲ့အစည်းများထံသို့ ပေးပို့နိုင်ရန်လည်း ရည်ရွယ်ပါသည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ် အလယ်ပိုင်း အတွင်း မွတ်စလင် အသိုင်းအဝိုင်းများ၏ ပြန်လည်နေရာချထားရေးအတွက် လုပ်ဆောင်ခြင်း အပေါ် အမျိုးမျိုးသောနိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်သူများ၏ လုပ်ဆောင်ချက်များမှာ ပိုမိုတိုးလာခဲ့သည်။ ထိုအချိန်က အများပြည်သူများက နိုင်ငံတကာ အဖွဲ့အစည်းများကို နိုင်ငံရေးအရ ဘက်လိုက်မှုရှိသူအဖြစ်သော်လည်းကောင်း၊ ယခင်ကဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပိုမိုကျယ်ပြန့်လာအောင်ပြုလုပ်သူအဖြစ်သော်လည်းကောင်း မကြာခဏ ထင်မြင်ခဲ့ကြသည်။ ထိုအရာများက နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများကြား ပူပေါင်းဆောင်ရွက်နိုင်မှု နယ်ပယ်ကို  ကျဉ်းစေကာ အဟန့်အတား ဖြစ်စေခဲ့သည်။

၂၀၁၈ ခုနှစ်ကုန်ပိုင်းမှစပြီး ရက္ခိုင့်တပ်တော်နှင့် မြန်မာ့တပ်မတော်ကြား ပဋိပက္ခများပေါ်ပေါက်လာခြင်းက ရခိုင်ပြည် အတွင်း လူသားချင်းစာနာမှုနှင့် ဝန်ဆောင်မှု ပေးသူများအတွက် နယ်ပယ် ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများ နှစ်ဘက်လုံးအတွက် ပဋိပက္ခကြောင့် သက်ရောက်သော နေရာများသို့ လှုပ်ရှားမှုကန့်သတ်ချက်များနှင့် သွားရောက်မှုအကန့်အသတ်များ တိုးလာမှုများကို ကြုံတွေ့လာကြရသည်။

ဤအစီရင်ခံစာသည် ရခိုင်ပြည်နယ်အတွင်း လုပ်ကိုင်နေသော လူထုအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံ နှင့် အပြည် ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ နှင့် အလှူရှင် အဖွဲ့အစည်းများမှ ဝန်ထမ်းများဖြင့် တစ်ဦးချင်းသတင်းပေးအင်တာဗျူး ၄၈ခု နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း ၅ခုကို လုပ်ဆောင်ခဲ့ကာ အဖွဲ့အစည်းကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ ၏ ဖြေဆိုချက်များကို အခြေခံထားသည်။

### အဓိက ရှာဖွေတွေ့ရှိချက်များ

- ရခိုင်ပြည် အတွင်း အလုပ်လုပ်နေကြသော နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများ ကြားတွင် အချင်းချင်း   ဗဟုသုတများနှင့် ဆက်သွယ်ရေးများ မရှိခြင်းက နားလည်မှုလွဲခြင်းနှင့် ယုံကြည်မှုလွဲခြင်းများ၏ အခြေခံ ဖြစ်နေသည်။ ၂၀၁၈ နှင့် ၂၀၁၉ မှာ ပူးပေါင်းဆောင်ရွက်မှုများ တိုးလာစဉ်အတွင်းမှာလည်း  အမြင်အလွဲများ နှင့် မယုံကြည်မှုများမှာ ကျန်ရှိနေသေးပြီး အဆက်အသွယ်များမှာလည်း ခက်ခဲနေသေးသည်။ အသိအမြင်များ မရှိခြင်း နှင့် ပြောင်းလဲနေသော အခြေအနေများကို စိုးရိမ်နေခြင်းများက တိုးလာသော ဆက်နွယ်မှုများကို ရေရှည်ခံနိုင်မည် မဟုတ်ပေ။ ဆက်ဆံရေး တည်ဆောက်ခြင်း နှင့် ယုံကြည်မှု တည်ဆောက်ခြင်းများက အခုအချိန်တွင် အဓိက ကျနေပေသည်။ နိုင်ငံတကာ အေဂျင်စီများကြားတွင် ရခိုင်အခြေစိုက် ဒေသခံ အဖွဲ့အစည်းများ အပေါ်

ကျယ်ပြန့်သော ယူဆချက်များရှိနေသည်။ ၎င်းအရာများမှာ ဒေသခံအဖွဲ့အစည်းများက မွတ်စလင် ဒေသများတွင် အလုပ်မလုပ်လိုခြင်း၊ မျှတမှုများ မရှိခြင်း နှင့် စွမ်းရည် မပြည့်ဝခြင်းများ ပင်ဖြစ်ပေသည်။ အကြောင်းအရာ အများကြီးကြားထဲတွင် ထိုအကြောင်းအရာများမှာ အချက်အလက်များထက် မရင်းနှီးမှုများ နှင့် ကြားသတင်းများက အခြေပြုနေပါသည်။ ဤအရာများမှာ ဒေသခံ အဖွဲ့အစည်းများရဲ့ လုပ်ဆောင်မှုများ မျှဝေမှုနည်းပါးခြင်းနှင့် ထိရောက်မှုမရှိခြင်းများကို ဖြစ်စေသည်။

- နိုင်ငံတကက်ကာနှင့် ဒေသခံ အဖွဲ့အစည်းများကြားတွင် ယဉ်ကျေးမှုကွာဟချက်များနှင့် အဖွဲ့များရဲ့ တည်ရှိ ရပ်တည်မှုများက ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် အဓိက အတားအဆီးတစ်ခုဖြစ်ပေသည်။ နိုင်ငံတကက်ကာ အဖွဲ့အစည်းများက လူသားချင်းစာနာ ထောက်ထားရေး နိယာမများကို ကျင့်သုံးနေကြစဉ် အတွင်း ရခိုင်ဒေသခံ အဖွဲ့အစည်းများမှာ ရခိုင်ဒေသများကို ထောက်ပံ့ရန်အတွက် တည်ထောင်ထားကြပြီး လူသားချင်းစာနာ ထောက်ထားရေး နိယာမများကို မသိကြပေ။
- တိုက်ဆိုင်စွာပင် အစိုးရ၏ မူဝါဒ ကန့်သတ်ချက်များက အဖွဲ့အစည်းများကို ဒေသများထဲ ဝင်ရောက်ရန် နည်းလမ်းအသစ်ကို ရှာစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို အထောက်ပံ့ဖြစ်စေသည်။ ဤလေ့လာချက်တွင် အစိုးရ အဖွဲ့ဝင်များကို မမေးမြန်းထားသော်လည်း၊ ဖြေဆိုသူများက မတူကွဲပြားသော အစိုးရ၏ ဌာနများ နှင့် အဆင့်များနဲ့ ပါတ်သတ်ပြီး မတူကွဲပြားသော အတွေ့အကြုံများကို ပြောကြားခဲ့ကြသည်။ အစိုးရ အဖွဲ့ဝင်များက နိုင်ငံတကက်ကာ နှင့် ဒေသခံ  အဖွဲ့များ ပူပေါင်းလုပ်ဆောင်ခြင်းကို သေးသေးကွဲကွဲ မမြင်ရသော်လည်း   လူမှုဖူလုံရေး (DSW) မှ ထောက်ပံ့မှုများကို တွေ့ရပြီး ယနေ့ထိ ပူးပေါင်း ဆောင်ရွက်မှု အပေါ် လုပ်ဆောင်မှု အနည်းငယ်သာတွေ့ရသည်။
- အံ့ဩသင့်စွာ နိုင်ငံတစ်ကာ အဖွဲ့အစည်းများက လက်ရှိ အသစ်ပြန်လည်နေရာချထားသော ဒေသများကို ထောက်ပံ့နေမှုအပေါ် မသိကြပေ။ ဤအရာက နိုင်ငံတစ်ကာ အဖွဲ့များရဲ့ ထိရောက်သော ဆက်သွယ်မှုပိုင်း အားနည်းနေမှု ကို ထင်ဟပ်စေသည်။
- ဒေသခံ အဖွဲ့အစည်းများအတွက် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုများလိုနေသေးပြီး နိုင်ငံတစ်ကာ အဖွဲ့အစည်းများက ၎င်းလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်သည်။ ဒေသခံ အသုံးအနှုန်းများ၊ လက်ရှိ အဖွဲ့ပုံစံ၏ အလေ့အကျင့်ကောင်းများကို ဒေသအခြေအနေနှင့် လိုက်လျောညီစွာ သေချာရန်၊ ဒေသများနှင့် ဆက်နွယ်မှု၊ ရည်ရှည်တည်တံ့နိုင်မှု နှင့် ထိရောက်မှုများကို ကြည့်ပြီး မြှင့်တင်နိုင်သည်။
- နိုင်ငံတကက်ကာ အဖွဲ့အစည်းများကြားတွင် ဒေသခံများကို မြှင့်တင်ရန် ဖွဲ့စည်းထားရှိမှု အားနည်းခြင်း (သို့) လူထုအခြေပြု လူ့အဖွဲ့အစည်းများကို ခိုင်ခံ့စေရန် အားနည်းခြင်း များကို တွေ့ရသည်။ အချိန်တို စာချုပ်ချုပ်လုပ်ဆောင်ခြင်း၊ ငွေကြေးပိုင်းအရ စိတ်ဝင်စားမှုများ နှင့် အပေါ်မှ အုပ်ချုပ်မှုများကို ရေရှည်တည်တံ့ရန် ဖိအားပေးခြင်းများက ဒေသအတွက် မတိုင်ခင် နိုင်ငံတကက်ကာ အဖွဲ့များ၏ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော် လည်းကောင်း စိတ်ဝင်စားမှုများရှိနေမှု၊ ဒေသအခြေပြုမှု ကို ဦးစားပေးမှု အားနည်းခြင်းများ နှင့် ဒေသကို ၎င်းအဖွဲ့အစည်းများ ၏ ရည်ရှည် အကျိုးစီးပွါးအတွက် လုပ်နေခြင်းများကို ဖြစ်စေသည်။ တစ်ချို့နိုင်ငံတစ်ကာ အဖွဲ့အစည်းများရဲ့ဗဟိုပြု သဘောသဘာဝများ နှင့် နိုင်ငံတကက်ကာ ဝန်ထမ်းများကြား သာလွန်သည့် သဘောများရှိနေခြင်းက ဒေသအခြေပြုမှု နှင့် အပြန်အလှန် တန်ဖိုးထားမှုများကို တန်ဖိုးမထားဟု ဖြေဆိုသူများကို ဆိုကြသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

- တစ်ချို့သော အလှူရှင် များက ဒေသအခြေပြုမှု ကို ထောက်ပံ့ခြင်း၊ လူထုအခြေပြု လူ့အဖွဲ့အစည်းများကို ခိုင်ခံ့စေရန် လုပ်ဆောင်ခြင်းများ ရှိနေသော်လည်း တခြားသော အလှူရှင် များမှာလည်း ရခိုင်မှ ဒေသခံအဖွဲ့အစည်းများကို အထောက်အပံ့ပေးရန်လိုအပ်နေသေးသည်။

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ အကြောင်း

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင် အဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး 2012 လူမျိုးရေး အကြမ်းဖက်မှု ဖြစ်ပွားခြင်းအပေါ် ကူညီရန်နှင့် နောက်ဆက်တွဲဖြစ်ပေါ်သော ပိုပြီးစနစ်ကျသော မွတ်စလင် အကြမ်းမဖက်ရေး များကို လုပ်ဆောင်သည်။ ကနဦး စီမံကိန်းများနှင့် လုပ်ဆောင်မှုများမှာ နက်ရှိုင်းသော ဘာသာရေးနှင့် လူမျိုးကွဲပြားမှုများ အပေါ် ဖော်ဆောင်ရန်ရည်ရွယ်သည်။

ပထမဦးစွာ ကျွန်တော်တို့က ပဋိပက္ခကြောင့်သက်ရောက်သော အုပ်စုများကြား သာမက အုပ်စုဝင်များနှင့် ဝန်ထမ်းများကြားဟ ယုံကြည်မှုတည်ဆောက်ရန် အတွက် အာရုံစိုက်ခဲ့ရသည်။
အားကစားများ ပြုလုပ်ခြင်း၊ သီးချင်းများ သီဆိုခြင်း၊
အနုပညာ အစီအစဉ်များကို ပြုလုပ်ခြင်းဖြင့် ပဋိပက္ခမဖြစ်စေရေး
အပြုအမူများ ပြောင်းလဲခြင်း၊ ပဋိပက္ခကြောင်းများကို သတိပြုမိအောင် မြင့်တင်ပေးခြင်း နှင့် ပဋိပက္ခကို ပြောင်းလဲရန် ကျွမ်းကျင်မှုများ တည်ဆောက် ပေးခြင်းများ ကိုဖြစ်စေသည်။

ကျွန်တော်တို့က ရခိုင်ပြည် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ပဋိပက္ခကြောင့် သက်ရောက သော သူများအပေါ် ကူညီရန် လုပ်ဆောင်သည်။ သို့သော် ၂၀၁၇ခုနှစ် ဩဂုတ်လ တွင် စစ်တပ်မှ လုပ်ရှားမှုများ လုပ်စဉ်အတွင်း လူဦးရေ ၆၀၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာသွားခဲ့ကြရာ ဝန်ဆောင်မှုများ ပေးနိုင်ခြင်းကို အဟန့်အတားများဖြစ်စေပြီး၊ ကျွန်တော်တို့ရဲ့လုပ်ငန်းများတစ်ချို့ကို နေရာရွှေ့ပြောင်းရန်ဖြစ်စေခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ အရ လက်ရှိတွင် ဝန်ထမ်းဦးရေ ၅၀ကျော်ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အပိုင်းများ၊ ပညာရေး နှင့် လူမှုပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ချက်များကို စစ်တွေ၊ ဘူးသီးတောင်၊ ကျောက်တော်နှင့်မြောက်ဦး မြို့နယ်များတွင် (ရခိုင်ပြည် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်) လုပ်ဆောင်နေသည်။

## ရည်ရွယ်ချက်များ

ဤလေ့လာချက်၏ သုတေသန ရည်ရွယ်ချက်များမှာ-

- နိုင်ငံတကာ နှင့် ဒေသခံ အဖွဲ့အစည်းများကြားတွင် လက်ရှိဖြစ်ပေါ်နေသော ပူးပေါင်းလုပ်ဆောင်ခြင်းများ နှင့် အမြင်များကို ပိုမို နားလည်နိုင်ရန်။
- ရခိုင်ပြည်အတွင်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့်ပါတ်သတ်ပြီး သက်ဆိုင်သူများ အားလုံးကို အကြံပြုချက်များ ပြုလုပ်နိုင်ရန်။

## သုတေသန နည်းလမ်းများ

သုတေသနမှာ အရည်အသွေးဇဟိုပြု ချဉ်းကပ်နည်း (qualititative approach) ကို အသုံးပြုထားပြီး မတူကွဲပြားသော အတွေ့အကြုံများ၊ အမြင်များကို ပိုပြီး နက်ရှိုင်းစွာ နားလည်နိုင်ရန် ဖြစ်သည်။

သုတေသန ပုံစံကို သုတေသနပုံစံနည်းလမ်းများနှင့် အချက်အလက်ကောက်ယူခြင်း သင်တန်းမှ PDI ဝန်ထမ်းများဖြင့် ရေးဆွဲခဲ့ကြပြီး ဝန်ထမ်းများမှာ အချက်အလက်ကောက်ယူခြင်းနှင့် အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းများ လုပ်ခဲ့ကြသည်။

သုတေသန၏ အဓိက မေးခွန်းများမှာ-

- ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာနှင့် ဒေသခံ အဖွဲ့အစည်းများ၏ လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပြောပြပါ။
- ပူးပေါင်းဆောင်ရွက်ခြင်း၏ စိန်ခေါ်မှုများနှင့် ကောင်းကျိုးများကို ပြောပြပါ။
- အနာဂါတ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းများ အတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်း များကို ပြောပြပါ။

သုတေသနမှာ တစ်ဦးချင်းအလိုက် သတင်းရယူ မေးမြန်းခြင်း (KII) နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို (FGDs) ကို အခြေခံပြီး ကောက်ယူထားခြင်းဖြစ်ပါသည်။

ဖြေဆိုသူများမှာ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ နှင့် အလှူရှင် အဖွဲ့အစည်းများမှ နိုင်ငံခြားသားများနှင့် နိုင်ငံသားများနှင့်၊ ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊  လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ ပါဝင်ကြသည်။

တစ်ဦးချင်းအလိုက် သတင်းရယူ မေးမြန်းခြင်း (KII) နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို (FGDs) များမှာ အောက်ပါ ဇယားအလိုက် ကောက်ယူထားပါသည်။

KII Respondents

| | National | International | Total | Male | Female | Total |
|---|---|---|---|---|---|---|
| CBO | 5 | - | 5 | 4 | 1 | 5 |
| CSO | 8 | - | 8 | 6 | 2 | 8 |
| UN | 4 | 7 | 11 | 8 | 3 | 11 |
| NGO | 2 | - | 2 | 1 | 1 | 2 |
| INGO | 2 | 16 | 18 | 9 | 9 | 18 |
| Donor /Other | 2 | 4 | 6 | 3 | 3 | 6 |
| Total | 23 | 27 | 50 | 31 | 19 | 50 |

FGD Respondents

(All respondents Myanmar nationals)

| | Male | Female | Total |
|---|---|---|---|
| CBO | 9 | 1 | 10 |
| CSO | 6 | 3 | 9 |
| UN | 3 | 1 | 4 |
| INGO 1 | 3 | 5 | 8 |
| INGO 2 | 7 | - | 7 |
| Total | 28 | 10 | 38 |

## ပူးပေါင်းဆောင်ရွက်မှု တိုးတက်နေခြင်းနှင့် (ဝေမျှမှုကိစ္စ)

ပြည်တွင်းနှင့် နိုင်ငံတကာအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ဆက်နွယ်မှုတို့မှာ လွန်ခဲ့သော ၁ နှစ်ကျော်လောက်ကနေ သိသိသာသာထင်ရှားစွာ တိုးမြင့်လာနေပါသည်။

ဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းမှု၊ဒေသဗဟိုပြုမှုတို့မှာ အကြောင်းပြချက်အမျိုးမျိုးနှင့် နိုင်ငံတကာ အသိုင်း အဝိုင်းဒေသအတွင်း နှင့် ရခိုင်ပြည်နယ်အတွင်းတွင်ပါ ခေတ်စားမှုရှိလာသည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံတကာ အေဂျင်စီများအကြားတွင် သူတို့အဖွဲ့အစည်းများသည် ရခိုင်ပြည်တွင်းရှိ အရပ်ဖက်အဖွဲ့အစည်းများကို အားကောင်း ခိုင်မာလာစေရန် ကူညီဖို့ကတိသစ္စာရှိရမည်ဟူသော သဘောထား အမြင်များ ယေဘူယျအားဖြင့် ရှိနေပါသည်။ ၄င်းအမြင်ကို နိုင်ငံတကာအဖွဲ့အစည်းများက သူတို့၏လုပ်ငန်း ပြင်ပက လုပ်ကိုလုပ်ရမည့် ဝတ္တရားတစ်ခုအဖြစ် မကြာမကြာ သတ်မှတ်ကြပါသည်။

နိုင်ငံခြားသားဖြေဆိုသူများက အလှူရှင်များသည် နှစ်ဦးနှစ်ဖက်မျှဝေရယူမည့် သဘောတူချက်ရရှိရေးနှင့် သူတို့၏ ဦးစားပေးဖြစ်သော " ဒေသဗဟိုပြုမှု" တို့ရရှိရေးတို့အတွက် အမြဲတစေတိုက်တွန်းလေ့ရှိသည်ဟု ပြောကြသည်။ တခြားနိုင်ငံတကာအေဂျင်စီတစ်ခုမှ ဝန်ထမ်းတစ်ယောက်က အလွန်ကောင်းမွန်သည့် ဒေသအကြောင်းအရာ ဗဟုသုတများရှိစေရန်၊ ပိုမိုကောင်းမွန်သော ချိတ်ဆက်မှု ကွန်ယက်များရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှု (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းအတွက် ပို၍အားကောင်းသော အလုပ်များလုပ်နိုင်စေဖို့ရာ ပူးပေါင်း လုပ်ဆောင်ရသည်ဟု ပူးပေါင်းဆောင်ရွက်မှု၏ အကြောင်းပြချက်များကို ထောက်ပြပြောဆိုခဲ့သည်။ (တချို့) နိုင်ငံတကာအေဂျင်စီများမှာမူ ထိုကဲ့သို့သော အမြင်သဘောထားများမရှိကြဘဲ ပူးပေါင်းဆောင်ရွက်မှု လုပ်နိုင်ရန် အားထုတ်မှုနည်းပါးသည်။

ဒေသအတွင်းအဖွဲ့အစည်းများအကြားတွင်မူ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရခြင်း၏ အကြောင်းတရားများမှာ ကွဲပြားခြားနားကြသည်။ အဖွဲ့အစည်းအများအပြားတွင် နိုင်ငံတကာအေဂျင်စီများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာ အရင်းအမြစ်များသို့မီးရရှိလာချင်သည့် ဆန္ဒအပြင် ရပ်ရွာအသိုင်းအဝိုင်းများကို ကူညီထောက်ပံ့မည့် ရပ်တည်ချက်ချင်းတူညီသည့်အချက်ကလည်း ပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာစေရန် ခွန်အားသစ် လောင်းထည့် ပေးသည်ဟု ဆိုကြသည်။ အရပ်ဖက်အဖွဲ့ခေါင်းဆောင်တစ်ဦးမှ

" ကျနော်တို့ ရပ်ရွာအသိုင်းအဝိုင်းကို ကူညီပေးနိုင်မယ့် တချို့သောလက်တွေကို ချိတ်ဆက်နိုင်ရုံလေး ကျနော်တို့ဆောင်ရွက်နေတာပါ။ " ဟု မှတ်ချက်ပြုခဲ့သည်။

ခင်မင်ရင်းနှီးလာမှုကလည်း လတ်တလောပူးပေါင်းဆောင်ရွက်မှုတိုးတက်မှုအတွက် အကြောင်းအရင်းတစ်ရပ် အဖြစ် ရပ်တည်လျက်ရှိနေသည်။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာအေဂျင်စီတို့ ရောက်ရှိနေသည်မှာ အချိန် အတိုင်းအတာတစ်ခုထိ ရှိနေပြီကတစ်ကြောင်း၊ အပြန်အလှန်အကျိုးပြုမှုကလည်း ထိုကာလအတွင်း တိုးတက်မှု ရှိလာသည်က တစ်ကြောင်း။ ပူးပေါင်းဆောင်ရွက်မှုက နှစ်ဦးနှစ်ဖက်အတွက် အတွေ့အကြုံကောင်းများပေးနိုင်မှု တို့ကတစ်ကြောင်းစသဖြင့် ထိုအခြင်းအရာများက ပိုမိုပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် အကြောင်းဖန်နေပေသည်။ တစ်ဖက်တွင်မူ ရခိုင်ပြည်နယ်ကို အသစ်ရောက်ရှိလာသော နိုင်ငံတကာအေဂျင်စီ တစ်ခုက သူတို့အနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုလွယ်ကူစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်ဟုဆို သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အဖွဲ့အစည်းသည် ၂၀၁၂ အတွင်းပဋိပက္ခတုန့်ပြန်မှုအတွက် ရောက်ရှိ လာသည့် သမိုင်းဆူးပြောင့် ခလုတ်ရှိခဲ့သည့် အဖွဲ့အစည်းမဟုတ်သည့်အတွက်ဟု ဆိုသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာခြင်း၏ အလွန်လက်တွေ့ကျသော နောက်ကွယ်မှ အကြောင်းတစ်ရပ်မှာ ခွင့်ပြုချက်လိုအပ်ခြင်းပင်ဖြစ်သည်။ ၂၀၁၇ ဩဂုတ်လ ပဋိပက္ခ၏နောက်ဆက်တွဲကြောင့် အစိုးရမှ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ်ခွင့်ပြုချက်ကန့်သတ်ချက်များအား တင်းကျပ်လိုက်သည့်အတွက် နိုင်ငံတကာအေဂျင်စီ များအနေဖြင့် ဒေသခံအရပ်ဖက်အဖွဲ့အစည်းနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် ကြိုးပမ်းလာရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ AA နှင့် တပ်မတော်ကြား တိုက်ပွဲများပြင်းထန်လာမှုနှင့် ထိုအကျိုးဆက်ကြောင့် နေရပ်စွန့်ခွာမှုများကို တုန့်ပြန်ကူညီနိုင်ရေးသည်လည်း ပူးပေါင်းဆောင်ရွက်မှုကို အားသစ်လောင်းပေးသည်။ ဒေသတွင်း အဖွဲ့အစည်းများက သူတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုပို၍လိုလား လျက်ရှိသည်ဟုပြောသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာအဖွဲ့အစည်းများသည် မွတ်ဆလင်များဘက်သို့ ဘက်လိုက်မှုရှိသည်ဟူသော အမြင်သဘောထားများနည်းလာပြီး နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများသည် အကြောင်းတရားအလိုက် ဘုံသဘောတူညီချက်ရှိသည်ဟူသော သဘောထားအမြင်များ မြင့်တက်လာသည့်အပြင် နိုင်ငံတကာအေဂျင်စီ များသည် ရခိုင်အသိုင်းအဝန်းကို ကူညီနေသည်ကို မြင်မိသောကြောင့်လည်း ဖြစ်သည်။

အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးမှ လွန်ခဲ့သောနှစ်များက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျှင် မွတ်ဆလင်အားပေးများနှင့် ပူးပေါင်းလုပ်ဆောင်သည်ဟု အသိုင်းအဝန်းက ထင်မြင်သည့်အတွက် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အန္တရာယ်များသည်ဟု ဆိုသည်။ အခုတွင်မူ သူသည် ရခိုင် IDPs များကို ထောက်ပံ့သည့် ပူးပေါင်းလုပ်ဆောင်မှုများကြောင့် ပတ်ဝန်းကျင်မှ အပြုသဘောဆောင်သော မှတ်ချက်များ အများအပြားလက်ခံရရှိခဲ့သည်။

အရပ်ဖက်အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးမှ "လွန်ခဲ့သော ၇ ခုနှစ်လောက်က နိုင်ငံတကာအေဂျင်စီတွေဟာ ရခိုင်အသိုင်းအဝိုင်း အတွက် အနည်းငယ်သာလုပ်ပေးပြီး မွတ်ဆလင်အသိုင်းအဝိုင်းနှင့် ပိုလုပ်ခဲ့တယ်။ ဒါကြောင့်ဘဲ ဒေသခံ အရပ်ဖက်အဖွဲ့အစည်းတွေက သူတို့နဲ့ ပူးပေါင်းမလုပ်ချင်ကြဘူး။ ဒါပေမယ့် အခုလက်ရှိအခြေအနေမှာ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ရခိုင်အသိုင်းအဝိုင်းအတွက်လည်း သူတို့တတ်နိုင်သလောက် လုပ်ပေးနေကြတယ်။ ဒါက ဒေသခံ အရပ်ဖက်အဖွဲ့အစည်းတွေရဲ့ အမြင်တွေကို ပြောင်းလဲသွားစေပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလာစေဖို့ကို ပိုပြီးတွန်းအားဖြစ်စေတယ်" ဟု မှတ်ချက်ပြုခဲ့သည် ။

သို့သော် ဤအပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်လာမှုသည် တစ်ပိုင်းတစ်စဘဲ ရှိပေသေးသည်။ "အရပ်ဖက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ရခိုင်လူထုသဘောမခိုက်တဲ့ နိုင်ငံတွေဆီက အလှူငွေတွေနဲ့ လည်ပတ်နေတယ်ဆိုပြီး အထင်အမြင်လွဲမှားမှုတချို့ကတော့ ကျန်ရှိနေသေးတယ်။" ၄င်းနည်းတူ တခြား အရပ်ဖက်အဖွဲ့အစည်း အဖွဲ့ဝင် ဝန်ထမ်းတစ်ဦးကလည်း နိုင်ငံခြားသားများ သူတို့ရုံးကို အလည်လာပြီးနောက် နယ်ကျသော အရပ်ဒေသတို့တွင် သူတို့ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဖောက်သည်ချခဲ့သည်။ ပတ်ဝန်းကျင်မှ စိုးရိမ်ပူပန်မှုများမြင့်တက်လာခဲ့ပြီး သူတို့အဖွဲ့အစည်းကို သံသယမျက်လုံးဖြင့် စတင်ကြည့်ရှုလာခဲ့ကြသည် ဟုဆိုသည်။ အောက်မှာ ဖော်ပြထားသကဲ့သို့

"နိုင်ငံတကာအေဂျင်စီများသည် ယခုဖြစ်ပျက်နေသော နေရပ်စွန့်ခွာမှုတို့ကို အဓိပ္ပါယ်ရှိရှိတုန့်ပြန်ကူညီနေသည်ဟု မထင်မြင် ကြသော ဒေသခံအဖွဲ့အစည်းများမှ ပါဝင်ဖြေဆိုသူ အများအပြား အံ့ဩဖွယ်ကောင်းလှစွာ ရှိနေသည်။" ထိုအချက်သည် နိုင်ငံတကာ အေဂျင်စီများ၏ ဆက်သွယ်ရေးမဟာဗျူဟာတို့မလုံလောက်၊ မပြည့်စုံသေးသည့်အချက်ကို ညွှန်းနေပေသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါပုံကို လူထုအခြေစိုက်အဖွဲ့အစည်းတစ်ခုမှ ဖြေဆိုသူတစ်ဦးမှ ယခုကဲ့သို့မှတ်ချက်ပြုပါသည်။ "အပြန်အလှန်အမှီသဟဲပြုမှု၊ ရင်းနှီးဖော်ရွေမှုသာ မရှိလျှင် အပြင်လူ (Third Party) က လိုသလို ဝင်ကစားသွားလိမ့်မယ်" ဟုမှတ်ချက်ပြုပါသည်။ ထိုပြင်သူက ထပ်လောင်း၍ "ဆက်ဆံရေးတစ်ခုမှာ အခက်အခဲတွေရှိတယ်ဆိုတာ နားလည်မှုတည်ဆောက်ဖို့နဲ့ ဆက်လက်အတူတကွအလုပ်လုပ်ဖို့ လိုသေး တယ်ဆိုတာကို ပြတယ်" ဟုပြောဆိုခဲ့သည်။

ထိုနည်းတူစွာပင် တခြားသူများကလည်း လတ်တလောပူးပေါင်းဆောင်ရွက်မှုတိုးတက်ခြင်း၏ အောက်ခြေမှာ ယုံကြည်မှုကင်းမဲ့ခြင်း နှင့် အကျိုးစီးပွားချင်းမညီမျှလက္ခဏာများရှိသည့် ကိစ္စရပ်များ ကျန်ရှိနေသေး သည်ဟုဆိုကြသည်။ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးမှ အခုလက်ရှိအခြေအနေသည် နေရပ်စွန့်ခွာ ရခိုင်အသိုင်းအဝိုင်းကို ကူညီနေသည့်အတွက် နိုင်ငံတကာနှင့်ဒေသခံအဖွဲ့အစည်းများကြားက ဆက်ဆံရေး တိုးတက်ကောင်းမွန်ဖို့ရာ လွန်စွာအထောက်အပံ့ဖြစ်သည်။ အခြေအနေက တစ်နည်းတစ်ဖုံပြောင်းလဲနိုင်သည်။ ဘင်္ဂလားဒေ့ရှ်မှ မွတ်ဆလင်များ ပြန်လည် ဝင်ရောက်လာမည့်ကိစ္စလို အဖြစ်အပျက်က လက်ရှိအခြေအနေကို အတော်အတန်ပြောင်းလဲနိုင်သည်ဟုဆိုခဲ့သည်။

ယခင်က ပူးပေါင်းဆောင်မှု၏ အဓိကအတားအဆီးတစ်ခုမှာ အလှူရှင် (သို့မဟုတ်) နိုင်ငံတကာအေဂျင်စီများက ဒေသခံ မိတ်ဖက်များကို မွတ်ဆလင်အသိုင်းအဝိုင်းအတွက် အလုပ်လုပ်ရန် မရမက တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ အခုလက်ရှိအခြေအနေက ခွင့်ပြုချက်ကန့်သတ်မှုများရှိနေခြင်းနှင့် ရခိုင် IDPs အများစုကို ကူညီနေခြင်း ဖြစ်သည့်အလျောက် ထိုမရမကတောင်းဆိုခဲ့သော အတားအဆီးကို လက်တွေ့အကျိုးကျေးဇူးဖြစ်ထွန်းမဖြစ်ထွန်း ဆိုသည့်လက်တွေ့ကျသည့် အရာက နေရာဝင်ယူလိုက်ပြီဖြစ်သည်။

နောက်ဆုံးအနေဖြင့် ရခိုင်ပြည်နယ်အတွင်းတွင် များမြောင်လှသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးမျိုးသည် လက်ရှိတွင်သိသာထင်ရှားစွာ ဖြစ်ထွန်းနေပြီဖြစ်သည်။ တချို့သော နိုင်ငံတကာအဖွဲ့အစည်းများသည် (IDPs များသို့ဖြန့်ဝေမှု အစီစဉ်လုပ်ဆောင်ချက်များကဲ့သို့ တချို့သော လုပ်ဆောင်ချက်များတွင် ဒေသခံအဖွဲ့အစည်းတစ်ခုနှင့် တွဲဖက်လုပ်ကိုင်လေ့ ရှိသည်။ ထိုအထဲတွင် လိုအပ်သော တာဝန်များပြီးစီးနိုင်ရန်အတွက်သာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း (Capacity Building) များပါဝင်သည်။ သို့သော် ထိုဒေသခံအဖွဲ့အစည်းအပေါ် ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Organizational Development) စသည့် ကြီးမားကျယ်ပြန့်သော အရာများဖြည့်ဆည်းပေးရာတွင်မူ အားနည်းလေ့ရှိကြသည်။ ဤပုံစံပူးပေါင်းလုပ်ဆောင်မှုတွင် နိုင်ငံတကာ အဖွဲ့အစည်းများကဘဲ စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ငွေကြေးဘဏ္ဍာရပ်များ ကိစ္စကို ကောင်းစွာ ထိန်းချုပ်နိုင်သွားသည်။ တစ်ခြားသောတစ်ဖက်စွန်းတွင်မူ နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများအကြား အတူတကွပူးတွဲလုပ်ဆောင်ကြသည့် မိတ်ဖက်ဆက်ဆံရေး (Partnerships) ဆိုသည့်အရာပင်ဖြစ်သည်။ ဤပုံစံတွင်မူ ဒေသခံ အဖွဲ့အစည်းများက ပို၍တာဝန်ဝတ္တရားကြီးမားခြင်း၊ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်ခြင်းနှင့် လွတ်လပ်သော ငွေကြေးထောက်ပံ့မှုတို့ကို ရရှိနိုင်ခြင်းစသည်တို့ပါဝင်သည်။ ထိုသို့ဖြစ်မြောက်စေရန် နိုင်ငံတကာအေဂျင်စီများထံမှ စွမ်းရည် မြှင့်တင်ခြင်းနှင့် အထောက်အပံ့များ ပိုမိုလိုအပ်သည်မှန်သော်လည်း ရရှိလာမည့်ရလဒ်မှကြား ပိုမိုရေရှည်တည်တံ့ခိုင်မြဲပြီး ရေရှည်အကျိုး သက်ရောက်မှုကို ဖြစ်ထွန်းစေသည်။

## အစိုးရ၏ အခန်းကဏ္ဍ

အစိုးရအဆင့်အတန်းအလိုက်အပေါ် မူတည်ပေသည်။ လူမှုဖူလုံရေးဌာန (DSW) သည် ပူးပေါင်း ဆောင်ရွက်မှုအပေါ်တွင် လက်တွေ့ကျကျ ကူညီထောက်ပံ့မှု နည်းပါးသော်လည်း ထိုဌာနအား

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ပူးပေါင်းဆောင်ရွက်မှုအား အားပေးမှုအရှိဆုံးဌာနအဖြစ် ရှင်းရှင်းလင်းလင်းမြင်ကြသည်။ မြို့နယ်အဆင့် အစိုးရသည် ပြည်နယ်အစိုးရအဆင့်နှင့် နှိုင်းယှဉ်လျှင် အလုပ်လုပ်ရသည်မှာ ပို၍လွယ်ကူသည်ဟု မြင်ကြသည်။ သို့သော်လည်း ထိုလွယ်ကူမလွယ်ဆိုသည့် အရာတွင်လည်း တစ်ဦးတစ်ယောက်ချင်းနှင့် ခေါင်းဆောင်မှုအပိုင်းက စကား ပြောသေးသည်။ ခရီးသွားခွင့်ပြုချက်စာတမ်း (TA) တောင်းခံသည့် အစိုးရ၏ ပေါ်လစီသည် ထိရောက် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုအတွက် အတားအဆီးတစ်ခုဟုလည်း တချို့က မြင်ကြသည်။ တစ်သီးတစ်ခြားလုပ်သည့် စီမံချက်အကောင်အထည်ဖော်မှုအတွက် ခွင့်ပြုချက်တောင်းခံစရာ မလိုသည့် အရပ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတကာအေဂျင်စီတစ်ခုနှင့် တွဲလုပ်သည့်အလုပ်တွင်မူ ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပေသည်။ တချို့အရပ်ဖက်အဖွဲ့အစည်းများသည် အဆက်အသွယ်ကောင်းမှုကြောင့် ခွင့်ပြုချက်များရနေကြသော်ငြားလည်း အရပ်ဖက်အဖွဲ့အစည်းများအပေါ် ကန့်သတ်မှုသည် ၂၀၁၉ ခုနှစ်အတွင်း တင်းကျပ်လာပေသည်။

အဖွဲ့အစည်းများနှင့် သူတို့လုပ်ဆောင်ချက်များအကြား အစိုးရ၏ဆက်ဆံပုံမှာ ကွာခြားမှုရှိသည်။ ဖြေဆိုသူများကြားတွင် ယခုကဲ့သို့အမြင်များရှိနေသည်။ AA နှင့် ဆက်စပ်နေသည်ဟု သင်္ကာမကင်းဖြစ်နေသည့် အဖွဲ့အစည်းများကို ခွင့်ပြုချက် မထုတ်ပေးချေ။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင်အုပ်စုသို့အကူအညီ အထောက်အပံ့များရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်နေသော အချက်သည် အစိုးရတွင်ရှိသည်ဟု ယူဆချက်များလည်း ရှိနေသည်။ ဒေသခံနှင့် နိုင်ငံခြားသားလက်ခံ ဖြေဆိုသူနှစ်ဖက်စလုံးထဲတွင် ယူဆချက်တစ်ခုရှိနေသေးသည်။ ၄င်းမှာ အစိုးရသည် ရန်ကုန် (သို့မဟုတ်) နိုင်ငံအနံ့မှလာသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) များသည် နိုင်ငံရေးအရကြားနေခြင်းဖြစ်သည်ဟု ယူဆသည့်အတွက် ခွင့်ပြုမိန့်များ ချပေးလေ့ရှိသည် ဟူသော ယူဆချက် ပင်ဖြစ်သည်။

မွတ်ဆလင်အသိုင်းအဝိုင်းများအတွက် အလုပ်လုပ်ပေးချင်စိတ်ရှိမှုကလည်း ဒေသခံအဖွဲ့များနှင့် အစိုးရကြား ဆက်ဆံရေးတွင် အခက်အခဲလေးများပေါ်ပေါက်စေနိုင်သည့် အချက်တစ်ချက်ဖြစ်သည်ဟု ယူဆကြသည်။ အပြန်အလှန်အားဖြင့် လူထုအခြေစိုက်အဖွဲ့ဝင် (CBOs) များနှင့် ပြုလုပ်သည့် FGD တွင် အစိုးရသည် မွတ်ဆလင်များကို မျက်နှာသာပေးသည်ဆိုသည့် စကားကို ကြားခဲ့ရသည်။ အစိုးရသည် ၂၀၁၂ ခုနှစ်တုန်းက နေရပ်စွန့်ပြေးသူများကို ကူညီနိုင်ဖို့ရာ အဖွဲ့အစည်းများကို ခွင့်ပြုချက်များ ပေါပေါသီသီချပေးခဲ့သော်လည်း ယခုတိုင်းရင်းသား IDPs များအတွက်မူခွင့်ပြုမိန့်များ ကန့်သတ်လျက်ရှိနေသည်ဟု ဆိုခဲ့သည်။

တချို့အဖွဲ့အစည်းများက အစိုးရ၏ကန့်သတ်လုပ်ဆောင်ချက်များသည် ပူးပေါင်းဆောင်ရွက်လာဖို့ရာ တွန်းအားတစ်ခုဖြစ်ခဲ့သည်ဟု နားလည်သဘောပေါက်ကြသည်။ နိုင်ငံတကာအေဂျင်စီများအပေါ် ကန့်သတ်ချက်များ ရှိနေမှုအား စီမံခန့်ခွဲနိုင်စေရန် အဖွဲ့အစည်းများအား ပူးပေါင်းလုပ်ဆောင်ဖို့ လမ်းဖွင့်ပေးနေသကဲ့သို့ဖြစ်သည်ဟု ထင်မြင်ကြသည်။

သာဓကအားဖြင့် နိုင်ငံခြားသားလက်ခံဖြေဆိုသူတော်တော်များများက အလည်အပတ်ရောက်ရှိနေသည့် ကုလသမဂ္ဂအဆင့်မြင့် အရာရှိတစ်ဦးအား အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးမှ အသစ်အသစ်သော နေရပ်စွန့်ခွာမှုများ ထောက်ပံ့ဖို့ရန် အတွက် နိုင်ငံတကာအဖွဲ့အစည်းများကို ခွင့်ပြုချက်ပေးဖို့အစိုးရအား ဖိအားပေးရန် တောင်းဆိုခဲ့မှုအား အမှတ်တရပြောဆို ကြခြင်းဖြစ်သည်။ ဤအကြောင်းအရာအား ဒေသအတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြားက ပဋိပက္ခများထဲတွင် မကြုံစဖူးထူးသစ်သော လက္ခဏာရပ်အဖြစ် မြင်ကြသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

လက်ခံဖြေဆိုသူများအကြား အစိုးရသည် ရပ်ရွာအသိုင်းအဝိုင်းများကို လုံလောက်သည့် အထောက်အပံ့များ မပံ့ပိုးနိုင် (သို့မဟုတ်) ပံ့ပိုးစေချင်စိတ်မရှိ ဆိုသည့် အရာပင်ဖြစ်သည်။ ထိုကွက်လပ်ကိုဖြည့်ရန်အတွက် ပူးပေါင်း ဆောင်ရွက်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်ပေသည်ဟု အများက ထင်မြင်ကြသည်။

## အလှူရှင်များ၏ ကဏ္ဍ (DONOR ENGAGEMENT)

အလှူရှင်အဖွဲ့အစည်းများထံမှ အသေးစားငွေကြေးထောက်ပံ့မှုများ ပိုမိုများပြားစွာရရှိလာခြင်း (သို့မဟုတ်) စစ်တွေတွင် အလှူရှင်အဖွဲ့အစည်းများရုံးထိုင်လာခြင်းသည် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပတ်သက်ဆက်နွယ်မှုကို ပိုမိုအပြုသဘောဆောင်စေရန် မောင်းနှင်လျက်ရှိသည်။ အပြုသဘောဆောင်စွာပင် တချို့အလှူရှင်အဖွဲ့စည်းများသည် ဒေသခံအဖွဲ့များ အလွန်တန်ဖိုးထားသည့် ဒေသအခြေအနေကို ပိုထိထိ ရောက်ရောက် တင်ပြနိုင်သည့် မြန်မာဘာသာစကားဖြင့် အဆိုပြုချက် (Proposals) တင်သွင်းခြင်းများအား စတင်လက်ခံလျက်ရှိနေပြီဖြစ်သည်။

သို့ရာတွင်လည်း ၎င်းသည် ရခိုင်ပြည်နယ်အတွင်းတွင် အလွန်သေးနပ်သော ရန်ပုံငွေအစိတ်အပိုင်းများအတွက်သာ အဆင်ပြေသည်။ ရန်ပုံငွေအများစုသည် ဖွံ့ဖြိုးတိုးတက်ရေးအစား လူသားချင်းစာနာထောက်ထားမှုကဏ္ဍကဲ့သို့ အများစုစီးဆင်းသည့်အတွက် အရပ်ဖက်အဖွဲ့အစည်းများ အားကောင်းခိုင်မာရေးအတွက် အထောက်အပံ့မဖြစ်နိုင်ပေ။ တစ်ချို့သော အလှူရှင်များက ပူးပေါင်းဆောင်ရွက်မှုကို အားပေးအားမြှောက်ရှိသလို တချို့သည်လည်း စိတ်ဝင်စားမှု နည်းပါးခြင်း (သို့မဟုတ်) ဒေသဗဟိုပြုမှုအား လောကွတ်သဘောလောက်သာ အားပေးမှုရှိသည်ဟု ထင်မြင်ရသည်။

တစ်ချို့သော အလှူရှင်များသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်အလုပ်လုပ်မည့်အစား သူတို့၏ နိုင်ငံတကာအဖွဲ့အစည်းမိတ်ဖက်အဖွဲ့များကို အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်သာ အားပေးအားမြှောက် ပြုကြသည်။ ဤသို့ဖြစ်ရခြင်းမှာ အရပ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာအလုပ်လုပ်ရန် ရခိုင်ပြည်နယ်အတွင်း အလှူရှင်အဖွဲ့အစည်းများ မရှိခြင်းသည်လည်း တစိတ်တဒေသပါဝင်နေသည်။ ဒေသခံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဤလုပ်ဆောင်ချက်တို့သည် အန္တရာယ်များလျော့ပါးလာခြင်းကြောင့်လည်း ဖြစ်သည်ဟု ကောက်ချက်ချကြသည်။

အလှူရှင်များသည် လက်သင့်ခံနိုင်လောက်သော နိုင်ငံရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲ စွမ်းဆောင်ရည်များကို ကြည့်ပြီး အရပ်ဖက်အဖွဲ့အစည်း မိတ်ဖက်အဖွဲ့အစည်းများကို ရွေးချယ်ရာတွင် အနေမကျသည့်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ ကိုသာ ပို၍လိုလားနှစ်သက်သည်ဟု ယူဆချက်တစ်ခုလည်းရှိသည်။ အလှူရှင်အဖွဲ့အစည်းမှ လက်ခံဖြေဆိုသူတစ်ဦးမှ သူတို့သည် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်အလုပ်လုပ်ဖို့ရန် စွမ်းဆောင်ရည်မရှိ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မည်သို့ပင်မဆို အခွင့်အလမ်းများ၊ အကျိုးကျေးဇူးများ ရှိနိုင်တယ်ဟု မှတ်ချက်ပြုလေသည်။

အရပ်ဖက်အဖွဲ့အစည်းများထံမှ နိုင်ငံတကာအလှူရှင်များနှင့် အလုပ်လုပ်ရန် သူတို့ဖြည့်ဆည်းရမည့် လိုအပ်ချက်များ များပြားသည့်အပေါ် စိတ်အနှောင့်အယှက်ဖြစ်နေသံများ ထွက်ပေါ်နေသည်။ လက်ခံဖြေဆိုသူတစ်ဦးမှ သူတို့အဖွဲ့အစည်းသည် လူထုအခြေပြုအဖွဲ့အစည်း (Community-based Organizaiton) ထက် အလှူရှင်အခြေပြု အဖွဲ့အစည်း (Donor-based Organization) နှင့်သာ ပို၍တူလာသည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။ အောက်တွင် ဖော်ပြထားသကဲ့သို့ ဤမှတ်ချက်သည် ဒေသခံနှင့်

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

နိုင်ငံတကာအဖွဲ့အစည်းများအကြား အမြင်သဘောထားများ ကွဲပြားခြားနားမှုနှင့်
လုပ်ငန်းလည်ပတ်မှုပုံစံများ ကွာခြားမှု နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် အဓိကအယူအဆများအပေါ်
မတူကွဲပြားစွာ သဘောပေါက်နားလည်မှုတို့ကို ကိုယ်စားပြုနေပေသည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် အလှူရှင်များက သူတို့ကိုပေးဆပ်ရမည့်အချိန်နှင့် အရင်းအမြစ်များကို မငဲ့ကွက်ဘဲ အရပ်ဖက်အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ဆောင်ရန်တွန်းအားပေးကြသည့်အတွက် တချို့ကိစ္စများတွင် စိတ်ကသိကအောက် ဖြစ်ကြရသည်။ အကယ်၍ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးသော အလှူရှင်အများအပြားက အားပေးမှုမရှိလျှင် အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးတွဲပြီး ထိထိရောက်ရောက်ဖြစ်အောင် ငွေကြေးနှင့် လုပ်ငန်းစီမံချက်များကို တစ်ဦးတည်း မနိုင်ဝန်ထမ်း ရနိုင်ခြေရှိသည်။ တစ်ခြားတစ်ဖက်တွင်လည်း နိုင်ငံတကာအေဂျင်စီများသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းများတွင် အတူတကွ လုပ်ကြသည်။ သို့သော် ၎င်းသည် မည်ကာမတ္တလောက်သာဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက်လုံးအတွက် နစ်နာနိုင်ပေသည်။

တချို့လက်ခံဖြေဆိုသူများသည် အာရှသားအလှူရှင်နှင့် အနောက်တိုင်းသားအလှူရှင်တို့ များစွာကွာခြားသည်ဟု ထင်မြင်ကြသည်။ အာရှနိုင်ငံများမှ အလှူရှင်များသည် ဒေသဗဟိုပြုမှု၊ အရပ်ဖက်အဖွဲ့အစည်းများကို အားကောင်းခိုင်မာစေရေး ကြိုးပမ်းမှုတို့ထက် ကုန်သွယ်ရေးနှင့် မဟာဗျူဟာမြောက်ကြိုးပမ်းမှုတို့ကို ဦးစားပေးလေ့ရှိသည်ဟု ထောက်ပြပြောဆိုကြသည်။ ၎င်းမှာလည်း ဒေသတွင်းနိုင်ငံများအတွင်း မြန်မာနှင့် ရခိုင်တို့၏ မဟာဗျူဟာမြောက်အရေးပါမှုတို့ကြောင့်လည်း ဖြစ်နိုင်ပေသည်။

လူထုအခြေပြုအဖွဲ့အစည်းများ (CBOs)များ ဆွေးနွေးမှုပြုလုပ်ကြရာတွင် နိုင်ငံတကာအလှူရှင်များနှင့် ပူးပေါင်းဆက်ဆံမှုသမိုင်းကြောင်းမရှိခဲ့သော အဖွဲ့များတွင် နိုင်ငံတကာအလှူရှင်များအပေါ် အပျက်သဘော ဆောင်သော အမြင်သဘောထားများရှိနေသည်။ အလှူရှင်များသည် အဖွဲ့အစည်းငယ်များကို မယုံကြည် (သို့မဟုတ်) အလှူရှင်များသည် လတ်တလောဖြစ်ပေါ်နေသော IDPs ကိစ္စကို ကူညီဖို့စိတ်ဝင်စားမှုအားနည်းပြီး မွတ်ဆလင်အသိုင်းအဝိုင်းကိုသာ ကူညီချင်နေသည်ဟူသော ယူဆချက်များရှိကြသည်။

## ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း

ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းတွင်လည်း အမျိုးမျိုးသော အကြောင်းတရားများရှိသည်။ ကြားနေဝါဒသည်လည်း အကြောင်းအရင်း တစ်ခုအဖြစ်ပါဝင်သည်။ နိုင်ငံတကာအေဂျင်စီတစ်ခုသည် မွတ်ဆလင်များအပေါ် အဖွဲ့အစည်းဖွဲ့စည်းခွင့် ကန့်သတ်ထားသည့် အတွက် ရခိုင်အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း မိတ်ဖက်မလုပ် ဟုလည်း ဖြေထားသည်။

တခြားလက်ခံဖြေဆိုသူများက သူတို့၏ အေဂျင်စီအတွင်း စုစည်းမှုမရှိခြင်း၊ အတိတ်ကာလက အပျက်သဘောဆောင်သော အတွေ့အကြုံများရှိခြင်း (သို့မဟုတ်) ဒေသခံအဖွဲ့အစည်းများနှင့် ပတ်သက်ပြီး ဗဟုသုတအသိအမြင်များ မရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု ထောက်ပြကြသည်။ ထိုအရာတို့သည် တစ်ခါတစ်ရံ စစ်တွေရုံးနှင့် ရန်ကုန်ရုံးကြားထဲက သဘာထားမတိုက်ဆိုင်မှုတို့ကြောင့် ဖြစ်ရသည်ဟုယူဆကြသည်။ ရန်ကုန်ရုံးသို့ ကနဦးတင်ခဲ့သော အစီရင်ခံစာတွင် ဒေသအခြေအနေနှင့် သက်ဆိုင်သော အခြင်းအရာများ မပါဝင်၊ နောက်ပိုင်းအစီရင်ခံစာများနှင့် ဝိရောဓိဖြစ်မှုများ ရှိနေသည့် အတွက်ကြောင့်ဖြစ်သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

အဖွဲ့အစည်းတစ်ခုတွင် ထိုအခြေအနေကို တုန်ပြန်ရန် သူတို့၏ ရန်ကုန်ရုံးတွင် ရခိုင်ပြည်မှ ဝန်ထမ်းများခေါ်ယူခန့်ထားသည့် မူဝါဒရှိပေသည်။

ဒေသခံအဖွဲ့အစည်းများကြားတွင် တချို့သည် ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိကြသည်မှန်သော်လည်း သင့်တော်သော မိတ်ဖက် အဖွဲ့များရွေးချယ်ရန် အသိအမြင်မရှိခြင်း (သို့မဟုတ်) ဆက်ဆံရေးတည်ဆောက်ရန် အချိတ်အဆက်ကွန်ယက်များမရှိခြင်းတို့ ဖြစ်နေကြသည်။ တခြားသူများက ရပ်တည်ချက်ချင်းကွာခြားခြင်း၊ (သို့မဟုတ်) အနာဂါတ်အစီစဉ်မကိုက်ညီခြင်း၊ ယုံကြည်မှုမရှိခြင်း (သို့မဟုတ်) အဖွဲ့အစည်းချင်း ပုံစံမတူညီခြင်း တို့ကြောင့် မပူးပေါင်းဖြစ်ကြဟု မှတ်ချက်ပြုကြသည်။ တချို့သော အဖွဲ့များသည် လစာမပေးရသည့် စေတနာ့ ဝန်ထမ်းများခေါ်ယူပြီးသာ အလုပ်လုပ်သည်။ ၎င်းသည်လည်း ပူးပေါင်းဆောင်ရွက်မှုအပေါ် အဟန့်အတား ဖြစ်စေသည်။

ကဏ္ဍတစ်ရပ်တွင်မူ နိုင်ငံတကာအေဂျင်စီတစ်ခုသည် သူတို့၏ဩဇာအာဏာကို အသုံးချကာ တခြားအေဂျင်စီများကို စုစည်းပြီး စွမ်းရည်ပြည့်ဝသော ဒေသခံအဖွဲ့အစည်းများ အမြောက်အမြားရှိသော်လည်း ၎င်းသက်ဆိုင်ရာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု မလုပ်ရစေရန် အလှူရှင်များကို လော်ဘီ လုပ်ခဲ့သည်ဟု အမျိုးမျိုးသော အရင်းအမြစ်များထံမှ သိရသည်။ တခြားလက်ခံဖြေဆိုသူများက ၎င်းအရာသည် ထိုကဏ္ဍအပေါ် သူတို့၏ထိန်းချုပ်ထားနိုင်မှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် သူတို့၏ကိုယ်ပိုင်ထောက်ပံ့ငွေကို များသထက်များအောင်လုပ်ဖို့ရန် အတွက် ဖန်တီးလိုက်သည့် အတ္တဆောင်သော ကစားကွက် တစ်ခုဖြစ်သည်ဟု ကောက်ချက်ချကြသည်။

## အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ

နိုင်ငံတကာအဖွဲ့အစည်းများ၏ ရှုထောင့်အရ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူးမှာ ရှင်းလင်းမှုရှိသည်။

ဒေသဗဟိုပြုမှု အစီစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အရပ်ဖက်အဖွဲ့အစည်း များကို အားကောင်းခိုင်မာစေခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းတို့သည် ပူးပေါင်းဆောင်ရွက်ခြင်း၏ အဓိကအကျိုးကျေးဇူး အဖြစ် မြင်ကြသည်။ လက်ခံဖြေဆိုသူအများအပြားက ဒေသဗဟိုပြုမှုသည် အစိုးရအာပါအဝင် တစ်သီးပုဂ္ဂလစီးပွားရေးလုပ်ငန်း မှသည် အရပ်ဖက်အဖွဲ့အစည်းများအထိ ဆက်စပ်မှုရှိသင့်သည်။

ဒေသအခြေအနေကို ထိထိရောက်ရောက်နားလည်သဘောပေါက်ခြင်းသည် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူး တစ်ရပ်  ဖြစ်ပေသည်။ လက်ခံဖြေဆိုသူများက အရပ်ဖက်အဖွဲ့အစည်းများတွင် သမိုင်းဆိုင်ရာ အသိအမြင်များ၊ ယဉ်ကျေးမှုဆိုင်ရာ အသိတရားများ နက်နက်ရှိုင်းရှိုင်းသိနေခြင်းတို့အပြင် ရပ်ရွာများ၊ အစိုးရနှင့် တခြားဩဇာ အာဏာရှိသူများနှင့် ယုံကြည်မှုများ တည်ဆောက်ထားခြင်း၊ ကွန်ယက်များ တည်ဆောက်ထားခြင်းတို့ရှိနေသည်ဟု ဆိုကြသည်။ ဒေသခံအဖွဲ့အစည်းများသည် ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်ကို ထိထိရောက်ရောက်နား လည်သဘောပေါက်ထားခြင်းရှိသည်ဟု အများကမြင်ကြသည်။

နိုင်ငံတကာအဖွဲ့အစည်းများအဖို့ သိသာသောအကျိုးကျေးဇူးတစ်ခုမှာ အစိုးရ၏ကန့်သတ်ချက်များ တိုးမြင့်နေသည့် ကြားထဲက IDPs အသစ်များဆီသို့ (သို့မဟုတ်) သူတို့၏ စီမံကိန်းဧရိယာများသို့ ဝင်ရောက်နိုင်သည့် အခွင့်အလမ်းတိုးမြင့်လာခြင်း ဖြစ်သည်။ သို့ရာတွင် အရပ်ဖက်အဖွဲ့အစည်းများ ဘက်တွင်လည်း ကျေးလက်ဒေသများနှင့် IDPs များဆီသို့ သွားရောက်ရာတွင် ကန့်သတ်မှုများ ကြုံနေရသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ဒေသခံအဖွဲ့အစည်းများ၏ ရှုထောင့်အရငွေကြေးထောက်ပံ့မှုနှင့် နည်းပညာအကူအညီတို့မှာ ပူးပေါင်း ဆောင်ရွက်မှုဆီမှ အဓိကရရှိခဲ့သော အကျိုးကျေးဇူးများပင်ဖြစ်သည်။ ဘဏ္ဍာရေး စီမံခန့်ခွဲရေးကဏ္ဍတွင် စွမ်းရည်မြှင့်တင်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်တို့၏ စည်းမျဉ်းစည်းကမ်းများ၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အစီရင်ခံစာနှင့် စီမံကိန်းအဆိုပြုလွှာရေးသားခြင်း တို့ကိုလည်း အကျိုးကျေးဇူးများအဖြစ် ထုတ်ဖော်ပြောကြားလေ့ရှိသည်။ ရခိုင်ပြည်ထဲက လူငယ်များအတွက် ပိုမိုများပြားသော အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးတစ်ခုအဖြစ် နားလည်ကြသည်။

တစ်ခုလုံးခြုံငုံရလျှင် ဒေသခံအဖွဲ့အစည်းများသည် သူတို့၏အခွင့်အလမ်းပေါက်ရောက်မှု၊ ကုန်ကျစရိတ်၊ ယုံကြည်မှုနှင့် အချိတ်အဆက်ကွန်ယက် ရှိနေမှုတို့ကြောင့် ပို၍ ထိရောက်မှုရှိသည်ဟု မှတ်ယူကြသည်။

နိုင်ငံတကာအဖွဲ့အစည်းရုံးချုပ်တစ်ခုမှ ဝန်ထမ်းတစ်ဦးက သူတို့အဖွဲ့အစည်း၏ ဝန်ထမ်းများသည် ဒေသခံ အရပ်ဖက်အဖွဲ့အစည်းတစ်ခုတွင် သင်တန်းတက်ရောက်ပြီးနောက် စွမ်းရည်နှင့် မိမိကိုယ်ကို ယုံကြည်မှု တိုးလာခဲ့သည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာအဖွဲ့များအတွက်လည်း အထောက်အကူပြုသည်ဟု အရပ်ဖက်အဖွဲ့အစည်းများမှ ခံယူကြသည်။ ရခိုင်အသိုင်းအဝိုင်း၏ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် အပြင်သဘောထားများသည် ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်လာခဲ့သည်ဟုဆိုသည်။ ထိုနည်းတူစွာပင် အရပ်ဖက်အဖွဲ့အစည်းတစ်ခုမှ သူတို့သည် ဒေသဖွံ့ဖြိုးရေးအတွက် အလုပ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုထဲမှ အသစ်အသစ်သော ဖြစ်စဉ်များကို သင်ယူနိုင်ခဲ့သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ထင်မြင်ချက်များပြောင်းလဲခဲ့သည်ဟု ဆိုသည်။

၄င်းအပြင် အသိုင်းအဝိုင်းအတွက် ပိုမိုထိရောက်သော အကူအညီများပေးနိုင်ဖို့ရာ ပူးပေါင်းဆောင်ရွက် ကြရခြင်းသည်လည်း အဓိကအကျိုးကျေးဇူးအဖြစ် ထောက်ပြကြသည်။ "အဆုံးသတ်မှာတော့ သူတို့က ထွက်သွားကြမှာ၊ ကျုပ်တို့က အဲဒီမှာရှိနေခဲ့မှာ" ဟု ပူးပေါင်းဆောင်ရွက်မှုကို အတားအဆီးဟုမမြင်ဘဲ လက်ခံဖြေဆိုသူတစ်ဦးမှ ယခုကဲ့သို့မှတ်ချက်ပြုခဲ့သည်။

ယခုကဲ့သို့အကျိုးကျေးဇူးများရှိနေသကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများသည်လည်း ပူးပေါင်းဆောင်ရွက်မှု အတွင်းရှိသည်။ ယခုအစီရင်ခံစာတွင် ထိုအခက်အခဲ၊ စိန်ခေါ်မှုများကို အဓိက အာဘော် (၂) ခုအောက်တွင် ထားရှိသည်။ ၄င်းတို့မှာ လူမှုစီးပွားရေးဆိုင်ရာကိစ္စများနှင့်ဆိုင်သည့် အခက်အခဲတို့ဖြစ်သည်။ နောက်ဆုံးတွင် ပူးပေါင်းဆောင်ရွက်ခြင်း၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုကိုပါ ထည့်သွင်းစဉ်းစားထားသည်။

## လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုများ

### လူမှုအသိုင်းအဝိုင်း ဖူလုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများ

အဖွဲ့အစည်းဆိုင်ရာ ဘဝအတွင်း ယဉ်ကျေးမှုမတူညီခြင်းများ၊ ဒေသခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အလုပ်ပြီးမြောက်ခြင်းအပေါ် ကွဲပြားခြားနားစွာ နားလည်သဘောပေါက်ခြင်းတို့သည် ပူးပေါင်းဆောင်ရွက်နေစဉ်အတွင်း ကြုံတွေ့ရသော စိန်ခေါ်မှုတို့၏ အဓိကဗဟိုချက်မတို့ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများမှ လက်ခံဖြေဆိုသူများဦးစားပေးပြောဆိုသည့် ပူးပေါင်းဆောင်ရန်အတွက် အခက်အခဲအတားအဆီး မှာ ဒေသခံအဖွဲ့အစည်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ

မူဝါဒများကို နားလည်မှုမရှိခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုအရာသည် အံ့ဩဖွယ်ရာတစ်ခုမဟုတ်ချေ။ ရခိုင်ပြည်ထဲက အဖွဲ့အစည်းများ၏ အရင်းခံမှုသည် နိုင်ငံတကာအေဂျင်စီတို့၏ ပဏာမခြေလှမ်းအစနှင့် လုံးဝဥသုံဂွာခြားသောကြောင့်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးမှ ပြောခဲ့သကဲ့သို့ လူမျိုးစုအမျိုးသားရေးဝါဒအားကောင်းသည့်ဒေသအခြေအနေမျိုးတွင် "ကိုယ်ပိုင်တန်ဖိုးထားမှုများနှင့် နိုင်ငံတကာစံချိန်စံညွှန်း" တို့သည် ယှဉ်ပြိုင်ဘက်အနေဖြင့် ရှိနေတတ်သည်။ ဒုက္ခသည်စခန်းအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်း ဝန်ထမ်းတစ်ဦးမှ ဒေသခံအဖွဲ့အစည်းများသည် မွတ်ဆလင်အသိုင်းအဝိုင်းအတွက်သာ အလုပ်လုပ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

ပဋိပက္ခနှင့် ပဋိပက္ခလွန်ကာလက နိုင်ငံရေးသဘောဆန်သော လူမျိုးဖြစ်တည်မှုမြင့်တက်နေသော အခါမျိုး၊ နိုင်ငံတော်က ကိုယ့်အသိုင်းအဝိုင်းကို လုံခြုံရေးမပေးနိုင်၊ ပေးမည်မဟုတ်သော အခြေအနေအောက်တွင် အဖွဲ့အစည်းတို့သည် သူများထက် ကိုယ့်အသိုင်းအဝိုင်းကိုသာအရင် ကူညီနိုင်ရန် ကြိုးပမ်းကြသည်။ ထိုသို့ အစွန်းနစ်ဖက်ကြား ကွဲပြားခြားနားခြင်းကို ၂၀၁၂ ခုနှစ် အတွင်း မွတ်ဆလင်များအတွက် အဓိကအလုပ်လုပ်ရန်ရောက်လာကြသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရောက်ရှိမှုမြင့်တက် လာခြင်းက ပို၍နေရာတစ်ခုကို ရောက်စေခဲ့သည်။

၂၀၁၂ ခုနှစ် နေရပ်စွန့်ခွာမှုများကို တုန့်ပြန်ကူညီရင်းထွက်ပေါ်လာသည့် ဘက်လိုက်မှုနှင့် သမာသမတ်ကျမှုဆိုသည့် ယူဆချက်များအကြား နိုင်ငံတကာအေဂျင်စီများ၏ ထိထိရောက်ရောက် ဆက်ဆံရေးပြုလုပ်ရန် ပျက်ကွက်ခဲ့မှုတို့က နိုင်ငံတကာအေဂျင်စီတို့ကိုယ်စား ဘက်လိုက်မှုမရှိဟု ပြောဆိုပေးနေကြသော အမြင်တို့ကို ဆိုးကျိုး သက်ရောက်စေခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် FGD လုပ်ရာတွင် အရပ်ဖက်အဖွဲ့အစည်းများထံမှ သိရသည်မှာ သူတို့(အရပ်ဖက်အဖွဲ့အစည်းများ)သည် တစ်ခါတစ်ရံတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မပူးပေါင်းချင်ဟု ပြောသည်။ အရပ်ဖက်အဖွဲ့အစည်းများ၏ ချိန်ရွယ်ထားမှုမှာ မွတ်ဆလင်များမဟုတ်ဘဲ ရခိုင်အသိုင်းအဝိုင်းအတွက်သာဖြစ်ခြင်းကြောင့်ဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) များမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် မွတ်ဆလင် နှင့် ပတ်သက်ပြီး ဘက်လိုက်မှုရှိသည်။ ပွင့်လင်းမြင်သာမှုမရှိဟု မှတ်ချက်ပြုသည်။

တချို့သော ဒေသခံဖြေဆိုသူများအတွက် နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများက သူတို့၏ဝန်ထမ်းများကို လစာပေးအပ်ခြင်း သည် ဒေသအတွက် လုံးစုံထိခိုက်နစ်နာမှုဟု ခံယူကြလေသည်။ ထိုအမြင်မှာ ဗုဒ္ဓဘာသာရခိုင်လူ့အဖွဲ့အစည်းအတွင်း ယုံကြည် ကြသော အလုပ်ကို အခကြေးငွေမယူဘဲလုပ်ပေးနိုင်လျှင် ပို၍အဓိပ္ပါယ်ရှိသည်ဆိုသည့် အမြင်မှရောင်ပြန်ဟပ်ခြင်းပင်ဖြစ်သည်။

တချို့လက်ခံဖြေဆိုသူများက နိုင်ငံတကာအဖွဲ့အစည်းများသည် သေးငယ်သောစေတနာ့ဝန်ထမ်း ဗဟိုပြုအဖွဲ့အစည်းများ (သို့မဟုတ်) ပရဟိတအာပ်စုများနှင့်အတူ လုပ်ငန်းလုပ်ဆောင်ခြင်းကို ရှောင်ရှားသင့်သည်ဟု ခံစားမိကြသည်။ အဘယ်ကြောင့် ဆိုသော် အခြေခံအနှစ်သာရချင်းအရမှာပင် အဖွဲ့အစည်းများမှာ ပုံစံမတူ ကြသောကြောင့် ဖြစ်ပေသည်။ စေတနာဝန်ထမ်းအခြေပြု အဖွဲ့အစည်းများသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုက်လျှင် "အသက်မွေးဝမ်းကျောင်း" အဖွဲ့အစည်းများ အဖြစ်သို့ပြောင်းလဲသွားမည်ကို စိုးရိမ်ပူပန်နေမှုများလည်း ရှိကြသည်။

နောက်ထပ်ဆင်တူသော စိုးရိမ်ပူပန်မှုများမှာ တခြားသောလေ့လာမှုများမှ တွေ့ရှိထားသော ကျေးရွာများ၌ ကိုယ်ထူကိုယ်ထစနစ် အား အောက်ခြေမှ လိုက်စားသွားခြင်းဖြစ်သည်ဟု ဆိုသည်။

## ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

တခြားသူများကမူ ကြားနေအဖြစ် ရပ်တည်ကြသည်။ အရပ်ဖက်အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးမှ "နှစ်ဦးနှစ်ဖက် ကြား ပူးပေါင်းဆောင်ရွက်မှုကတော့ တိုးတက်နေပြီ၊ ဒါပေမယ့် တခြားတစ်ဖက်မှာတော့ ကျွန်မအထင် မကောင်းတဲ့အကျိုးဆက် အဖြစ်ပေါ့။ ရခိုင်ကလူတွေရဲ့ Mind-set က ပျက်စီးသွားပြီ။ လူတွေက အရာရာကို ငွေနဲ့ဆုံးဖြတ်လာကြတယ်။ ကျွန်မက ရှင်တို့ကို ပရဟိတစေတနာ့ဝါဒီတွေအနေနဲ့ လုပ်ရမယ်လို့ဆိုလိုတာမဟုတ်ဘူး။ ကိုယ့်ထိုက်သင့်တဲ့ငွေ ကိုယ်ရရမယ်ဆိုတာကို လက်ခံတယ်၊ ဒါပေမယ့် ကျွန်မစိတ်ပူတာက လူငယ်တော်တော်များများက သူတို့ငွေအတွက်ရယ်ဘဲ အလုပ်လုပ်မယ်ဆိုတဲ့ Mind-set ရသွားမှာကိုပါဘဲ" ဟု မှတ်ချက်ပြုခဲ့သည်။

တခြားသော ဒေသခံအဖွဲ့အစည်းတစ်ခုမှ သူတို့အဖွဲ့အစည်းသည် အရပ်ဖက်အဖွဲ့အစည်းများနဲ့ ဖွဲ့စည်းပုံဖွဲ့စည်းနည်းများ တူသော်လည်း သူတို့သည် ပရဟိတကိုသာ ဇောင်းပေးထားသည်။ နိုင်ငံတကာအေဂျင်စီများ ရခိုင်မှာရှိနေခိုက် အရင်းအမြစ်များ ရနိုင်ဖို့ပူးပေါင်းဆောင်ရွက်ရမည်ကို ဝမ်းပန်းတသာဖြစ်နေကြသည်။ သူတို့၏ ပရဟိတအပေါ် အသားပေးမှုသည် သူတို့ဘာကြောင့် နိုင်ငံတကာအဖွဲ့အစည်းကဲ့သို့မဖြစ်လာနိုင်တာလဲဟူသည့် မေးခွန်းအတွက် အကြောင်းပြချက်ပင်ဖြစ်သည်။

ယဉ်ကျေးမှုချင်း ကွဲပြားခြားနားမှုက အဓိကသဘောတရားများအပေါ် မျှဝေသဘောပေါက်မှုမရှိခြင်းကို ဖြစ်စေသည်။ အလှူရှင်များအပေါ် တာဝန်ခံမှုရှိခြင်းအပိုင်းသည် သဘောပေါက်နားလည်ပုံချင်း ကွာခြားကြသည်။ ရခိုင်၊ မြန်မာတို့၏ သဘောအရ အလှူဒါနတစ်ခုကို ပေးလိုက်သောအခါ အလှူရှင်အနေနဲ့ငွေကို မည်သို့မည်ပုံ သုံးစွဲကြကြောင်း သိခွင့်မရချေ။ ထို့အတူ လက်ခံသူအနေဖြင့်လည်း ရှင်းပြရန် တာဝန်ဝတ္တရားမရှိပေ။ မကြာခင်ကာလတစ်ခုမှ နိုင်ငံတကာအလှူရှင်တစ်ဦးနှင့် စတင်အလုပ်လုပ်လာသော လူထုအခြေပြုအဖွဲ့အစည်း (CBO) တစ်ခုက သူတို့ကို ယုံကြည်မှုရှိမည့် သူတို့၏ပွင့်လင်းမြင်သာမှု အပေါ်ယုံကြည်ပေးနိုင်မည့် အလှူရှင်နှင့်သာ ပူးပေါင်းဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။ ဆိုလိုသည်မှာ အလှူရှင်က စီမံကိန်းအစီရင်ခံစာတောင်းခံရန် လိုအပ်သောအခါတောင်မှ သူတို့အနေဖြင့် မတတ်နိုင်ဟု ပြောကြားခဲ့သည်။

အရပ်ဖက်အဖွဲ့အစည်းများ (CSOs) များအတွက် ဖြစ်နိုင်ချေရှိသည်က စရိတ်စကကုန်ကျငွေများကို နတ်ဖြင့်ရှင်းလင်းခြင်းသည် နိုင်ငံတကာအေဂျင်စီများ၏ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုကောင်းကောင်းမရှိပေ။ ထို့အပြင် ၎င်းသည် တာဝန်ခံမှုကဏ္ဍကိုပါ လျော့နည်းစေသည်ဟု ထင်ရသည်။

အရပ်ဖက်အဖွဲ့အစည်း (CSOs) တချို့သည် လိုက်လျောညီထွေရှိလှသည့် ဘဏ္ဍာရေးတာဝန်ခံမှုအနည်းငယ် (သို့မဟုတ်) လုံးဝ မလိုအပ်သော နိုင်ငံတကာပရဟိတဖောင်ဒေးရှင်းများနှင့် စာနာထောက်ပံ့ရေးအဖွဲ့များထံမှ ထောက်ပံ့ငွေများရကြသည်။ တခြားနိုင်ငံတကာအလှူရှင်များ (သို့မဟုတ်) မိတ်ဖက်အဖွဲ့များကမူ လာဘ်စားမှုအန္တရာယ်ကို စိုးရိမ်သည့်အတွက် ပိုတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ ထားရှိသည်။

ရခိုင်ပြည်တွင်းရှိ နိုင်ငံတကာအေဂျင်စီများကို မည်သူကငွေကြေးထောက်ပံ့နေသနည်းဆိုသည်ကို သိမြင်မှုမရှိသလောက်သာရှိ သည်။ ၎င်းသည် မယုံကြည်မှုကို တိုးပွားစေသည့်အပြင် ပွင့်လင်းမြင်သာမှုနည်းပါးသည်ဟူသည့် ယူဆချက်ကိုပါ အားကောင်း ခိုင်မာစေသည်။ ၎င်းသည် အဖွဲ့အစည်းအငယ်များအကြား အသုံးပြုသည့် ဒေသခံစနစ်နှင့်လည်း ဆန့်ကျင်လျက်ရှိသည်။ ဒေသခံတို့တွင် မည်သူကမည်ရွေ့လှူဒါန်းပါသည်ဟု နာမည်နှင့်တကွ အလှူရှင်များကို လူသိရှင်ကြားထုတ်ပြလေ့ရှိသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကက်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

နောက်ဆုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးတည်ဆောက်သည့်အခါ ကြုံရသော ယဉ်ကျေးမှုကွဲပြားမှု တစ်ခုမှာ နိုင်ငံတကာအေဂျင်စီများသည် ဒေသခံမိတ်ဖက်အဖွဲ့များနှင့် ရုံးချိန်ပြင်ပတွင် ရင်းနှီးကျွမ်းဝင်သော ဆက်ဆံရေးတည်ဆောက်ရန် အားထုတ်မှုနည်းပါးလှသည်။ သမားရိုးကျရုံးချိန်ပြင်ပအချိန်များ၊ ရုံးခန်းမဟုတ်သောနေရာများ၌ ပေါင်းသင်းဆက်ဆံမှု၊ ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်မှုတို့သည် ရခိုင်ဒေသအတွင်း လုပ်ငန်းခွင်ချင်းဆက်ဆံရေးကို အားကောင်းသန်စွမ်းစေသည်။

## အယူဝါဒနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း

အထက်တွင်ဖော်ပြထားသကဲ့သို့ ရင်းနှီးကျွမ်းဝင်မှုမရှိမှု၊ တန်ဖိုးထားမှုချင်းကွာခြားမှုနှင့် သဘောတရားချင်း ခြားနားမှုတို့သည် ပူးပေါင်းဆောင်ရွက်မှု၌ အဓိကအဟန့်အတားများဖြစ်နေပေသည်။

ထုတ်ဖော်ခြင်းမရှိသည့် လုပ်ငန်းစဉ် (unstate agendas) များသည် ပူးပေါင်းဆောင်ရွက်နေစဉ်အတွင်း ဘေးအန္တရာယ်တစ်ခု ဖြစ်သွားနိုင်ပေသည်။ နိုင်ငံတကာအေဂျင်စီများက အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် နိုင်ငံရေးလုပ်ငန်း (သို့မဟုတ်) အမျိုးသားရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်မှုအလားအလာရှိမရှိမသိကြသည့်အတွက် အရပ်ဖက်အဖွဲ့အစည်း (CSOs) များနှင့် အလုပ်တွဲလုပ်ရန် ချိတုံချတုံဖြစ်နေကြသည်။ နိုင်ငံတကာအဖွဲ့အစည်း (INGOs) ဝန်ထမ်းတစ်ဦးမှ တချို့အရပ်ဖက်အဖွဲ့အစည်း (CSOs) များကို "ဝါဒဖြန့်ချိရေး ယန္တရားများ" ဟု မြင်သည်ဟု ဆိုသည်။

၄င်းနည်းတူ ဒေသခံအဖွဲ့အစည်းများသည် နိုင်ငံတကာအေဂျင်စီများကြား၌ မွတ်ဆလင်များအား ဘက်လိုက်မှုရှိမရှိ (သို့မဟုတ်) ကွယ်ဝှက်ထားသည့် သာသနာပြုရည်ရွယ်ချက်များပါမပါ စသည်ဖြင့် မသေချာမရေရာ ခံစားနေကြရသည်။ အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် နိုင်ငံတကာ အေဂျင်စီ/အဖွဲ့အစည်းများ၏ ရပ်တည်ချက်များနှင့် ရင်းနှီးမှုရှိလာအောင် ကြိုးပမ်းသင့်ပေသည်။ အကယ်၍ နိုင်ငံတကာအေဂျင်စီများ ရခိုင်ပြည်နယ်မှ ရုပ်ချည်းထွက်သွားကြလျှင် မည်သို့ဖြစ်လာနိုင်သလဲ ဟု ဆင်ခြင်လျက် ကိုယ်ပိုင်ရပ်တည်ချက်များအားလည်း ဖြည့်ဆည်းထားသင့်သည်။

နိုင်ငံတကာအဖွဲ့အစည်း (INGOs) များက တချို့အရပ်ဖက်အဖွဲ့စည်း (CSOs) များ၏ နိုင်ငံရေးဆက်နွယ်မှုရှိခြင်း (သို့မဟုတ်) အမျိုးသားရေးပုံစံဆက်သို့ ယိမ်းယိုင်မှုရှိခြင်းတို့သည်ည ပြဿနာဖြစ်သည်ဟု မှတ်ယူကြသည်။ သို့သော် ဒေသခံအဖွဲ့အစည်းအားလုံးသည် ထိုသို့မဟုတ်ချေ။ ၄င်းအပြင် လက်ခံဖြေဆိုသူ အများအပြားသည် ပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် အဖွဲ့အစည်း၏အမြင်သဘောထားများ ပြောင်းလဲသွားခဲ့သည့် သာဓကများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ နိုင်ငံတကာအဖွဲ့အစည်း (INGOs)များ၏ စိုးရိမ်ပူပန်မှုများသည်ပင် သူတို့သည် ရခိုင်ပြည်နယ်ရှိ အရပ်ဖက်အဖွဲ့အစည်း (CSOs) များနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည်ကို ထင်ဟပ်ပြသနေသည်ပင် ဖြစ်သည်။ ၄င်းသည်ပင် မယုံကြည်မှုကို ခိုင်မြဲစေပြီး ပူးပေါင်းဆောင်ရွက်မှုလျော့ပါးစေသည့်အတွက် ဒေသအသိုင်းအဝိုင်းအတွက်သာမက ပါဝင်ပတ်သက်သူအားလုံးအတွက်ပါ ဆိုးကျိုးကိုသာ ရရှိနိုင်သည်။

## အမြင်သဘောထားချင်း မတိုက်ဆိုင်မှု

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

နိုင်ငံတကာအေဂျင်စီများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအကြားဆက်ဆံရေးမှာ ၂၀၁၈ နှင့် ၂၀၁၉ အတွင်း ထင်ထင်ရှားရှား တိုးတက်လာသော်လည်း အမြင်သဘောထား (Perceptions) များမှာ ဆက်လက်ကွာဟနေကြဆဲ ဖြစ်သည်။

အထက်တွင်ဖော်ပြထားခဲ့သလို နိုင်ငံတကာအေဂျင်စီများ၏ ပွင့်လင်းမြင်သာမှုတို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်း (CBO) များမှ လက်ခံဖြေဆိုသူများသည် ရခိုင်ဒေသတွင် အလုပ်လုပ်နေကြသော  နိုင်ငံတကာအေဂျင်စီများ၏ လုပ်ငန်းစဉ် (Agenda) များအပေါ် ဇဝေဇဝါဖြစ်၍နေကြသည်။ သူတို့သည် နိုင်ငံတကာအေဂျင်စီများ ရခိုင်သို့ရောက်လာသည့် ၂၀၁၂ ပဋိပက္ခနောက်ခံပိတ်ကားနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် သူတို့၏ အလှူရှင်မည်သူဖြစ်သနည်းဟူသည့် အချက်အပေါ် ပွင့်လင်းမြင်သာမှုမရှိသည့် အရာအပေါ်ထောက်ပြပြောဆိုကြသည်။ အစ္စလာမ်မစ်ပူးပေါင်း  ဆောင်ရွက်ရေးအဖွဲ့အစည်း (The Organization of Islamic Cooperation – OIC)မှ နိုင်ငံတကာအေဂျင်စီများကို ငွေကြေး  ထောက်ပံ့ခဲ့သည်ဟူသော အမြင်သဘောထားများရှိနေကြသည်။.[1]

အများစုသော ဒေသခံအဖွဲ့အစည်းများမှ ဖြေဆိုသူများက နိုင်ငံတကာအေဂျင်စီမျာ းသည် ရခိုင်တိုင်းရင်းသားအသိုင်းအဝိုင်း၏ လက်ရှိနေရပ်စွန့်ခွာထွက်ပြေးနေရမှုကို ကူညီနေသည်ဟုမြင်သော်လည်း ထိုသို့မမြင်မိသူများလည်း အများအပြားရှိသည်။ အဖွဲ့အစည်းပိုင်းဆိုင်ရာနှင့် မပတ်သက်သည့်ဒေသခံအသိုင်းအဝိုင်းသည်လည်း ထိုနည်းတူစွာပင် IDPs များကို ကူညီနေမှု များအား သိမြင်ကြမည်မဟုတ်မည်မှာ အထင်အရှားပင်ဖြစ်သည်။ တချို့သည်လည်း နိုင်ငံတကာအေဂျင်စီများ၏ တုန့်ပြန်မှု အပေါ် ကျေနပ်အားရမှုမရှိချေ။

အရပ်ဖက်အဖွဲ့အစည်း (CSOs) ကိုယ်စားလှယ်တစ်ဦးမှ "ရိုးရိုးသားသားပြောရရင် နိုင်ငံတကာအဖွဲ့အစည်းတွေဟာ၊ လူသားချင်း စာနာထောက်ထားတဲ့ အဖွဲ့တွေပါလို့ ဘယ်လောက်ဘဲပြောပြော သူတို့ဟာ ဘက်လိုက်ကြတယ်။ ၂၀၁၂ ကိစ္စတွေမှာကျတော့ မွတ်ဆလင်တွေကို အထောက်အပံ့ပေးဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ အလွန်တက်တက်ကြွကြွဖြစ်နေတယ်။ သူတို့တွေ ဟာ ဘယ်အသိုင်းအဝိုင်းကို သူတို့ကူညီမှာလဲဆိုတဲ့အပေါ် ခွဲခြားဆက်ဆံမှုရှိနေတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

 အခြားလက်ခံဖြေဆိုသူများက နိုင်ငံတကာအေဂျင်စီများ၏ ရှုပ်ထွေးပွေလီသော မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ ကိုယ်တိုင်က သူတို့ကို အဟန့်အတားဖြစ်နေသည်။ ထို့ကြောင့်ပင်လျှင် ယခု IDPs များကို ထိထိရောက်ရောက် မကူညီနိုင်ခြင်းဖြစ်သည်ဟု  ပြောဆိုကြသည်။ CSOsများသည် လတ်တလောလိုအပ်ချက်ကို ကာမိအောင် တုန့်ပြန်နိုင်သောကြောင့် သူတို့သည် နိုင်ငံတကာ အေဂျင်စီများကို လတ်တလောလိုအပ်ချက်များကို မသိကျိုးကျွန်ပြုထားပြီး အစိုးရဗျူရိုကရေစီယန္တရားနှင့်သာ အလုပ်များနေကြသည်။ ရေရှည်စီမံချက်များနှင့်သာ အလုပ်လုပ်ကြသည်ဟု မြင်နေကြသည်။ လက်ခံဖြေဆိုသူတစ်ဦးမှ သူသည် နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်း (The International Committee of the Red Cross – ICRC) တစ်ခုသာ တုန့်ပြန်ကူညီ နေသည်ဟု မြင်ကြောင်းပြောဆိုခဲ့သည်။ ထိုအေဂျင်စီသည် ပွင့်လင်းမြင်သာမှုမရှိဟုလည်း ဝေဖန်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ တုန့်ပြန်ကူညီမှုမရှိခြင်းတွင်

[1] One UN international staff member suggested that these perceptions stem in part from the OIC's assistance in constructing camps in 2012.

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ
အစိုးရ၏ကန့်သတ်ချက်လည်း နောက်ကွယ်က ပါဝင်ကောင်း ပါဝင်နိုင်သည်ဟူသော အသိအမြင်များလည်း ရှိသည်။

နိုင်ငံခြားသားလက်ခံဖြေဆိုသူတစ်ချို့မှလည်း နိုင်ငံတကာအေဂျင်စီများနှင့် ရခိုင်အသိုင်းအဝိုင်းကြားတွင် မလွဲမရှောင်သာသော တင်းမာသည့် ဆက်ဆံရေးရှိကြောင်းကို သိသိသာသာ ထုတ်ဖော်ပြောကြားကြသည်။ ၎င်းမှာ - ၂၀၁၂ ခုနှစ်တွင် မွတ်ဆလင်များ နှင့် အလုပ်လုပ်ရန် ရခိုင်သို့ရောက်ရှိလာရပ်တည်ချက်ကတိသစ္စာ (Mandate)ကြောင့် ဖြစ်သည်ဟုဆိုသည်။ အခြားသော နိုင်ငံခြားသားဖြေဆိုသူများက ဒေသ၏အခြေအနေသည် ပြောင်းလဲသွားပြီ။ ၎င်းနှင့်အတူ ရပ်တည်ချက်ကတိသစ္စာများလည်း ပြောင်းလဲနေသည်ကို သတိမမူသော လုပ်ဖော်ကိုင်ဖက်များနှင့်လုပ်ရခြင်းမှာ စိတ်ပျက်ဖွယ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

## ကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးဆိုင်ရာနှင့် ရပ်ရွာအကျိုး

နိုင်ငံတကာအေဂျင်စီများအကြား "လုပ်ငန်းပြင်ပက လုပ်ကိုလုပ်ရမည့် ဝတ္တရား" ဆိုသည့်စာပိုဒ်နှင့် ပတ်သက်သည့် ပြဿနာ တစ်ခုမှာ တန်ဖိုးစံများသည် နဂိုရှိရင်းစွဲအခြေအနေကို ကျားကန်ပေးမည့် ထင်ရှားသောဆွဲဆောင်မှုများကို ကောင်တာထောက် နိုင်ခြင်းပင်ဖြစ်သည်။ ကုလသမဂ္ဂဝန်ထမ်းဖြစ်ခဲ့ဖူးသူတစ်ဦးမှ ဝန်ထမ်းများသည် ရေတိုဖြစ်သောတစ်ကိုယ်ရည်စာ အကျိုးစီးပွားကို ရွေးမှာလား၊ ရခိုင်ဒေသ၏ရေရှည်အကျိုးကျေးဇူးကို ရွေးမလားဟူသည့် ရွေးချယ်မှုကို များမကြာခဏ ရင်ဆိုင်ကြုံတွေ့ရသည်ဟု ဆိုသည်။

၎င်းသည် နိုင်ငံတကာအေဂျင်စီများ ဒေသအခြေအနေအသီးသီးတွင် ရင်ဆိုင်ခဲ့ရသည့် စနစ်ဆိုင်ရာအကြောင်းကိစ္စကို ထင်ဟပ်စေသည်။ နိုင်ငံvတကာအေဂျင်စီများအတွင်း စနစ်အပြောင်းအလဲအတွက် တိုက်ခိုက်နေသူများနှင့် နောက်ပြန်ဆွဲသူများ လည်းရှိသည်။ တခြားတစ်နေရာမှ လူသားချင်းစာနာထောက်ထားသူတစ်ဦးမှ "ကျေနပ်ဖွယ်ဖြစ်သော စနစ်သည် သိသိသာသာ အရေးပါသောပေါင်းစပ်ညှိယူထားသော၊ မသိမသာကွဲပြားသောလူသားတို့၏ ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်နှင့် ဖန်တီးနိုင်စွမ်းရပ်ဝန်း သည် တိမ်မြုပ်သွားရသည်" ဟုဆိုသည်။ [2]

ကုလသမဂ္ဂ (UN) အေဂျင်စီတစ်ခုမှ ဝန်ထမ်းတစ်ဦးမှ ကုသမဂ္ဂအဖို့အလုပ်အကိုင်များနှင့် ရန်ပုံငွေများသည် အဖြေမဟုတ် သူတို့၏ဦးစားပေးမှုများဖြစ်သည် ဟုဆိုသည်။ ၎င်းသည်ပင် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး အကူအညီ လုပ်နေစဉ်အတွင်း ရေရှည်တဲ့သော အပြောင်းအလဲကိုရှာဖွေသည့် ဒေသဗဟိုပြုမှု လုပ်ငန်းစဉ်အတွက် အတားအဆီးတစ်ခု မလွဲမသွေဖြစ်လာသည်။

နိုင်ငံတကာအဖွဲ့များ၏ ဝန်ထမ်းစီမံခန့်ခွဲမှုသည် ရခိုင်ဒေသ၏ လုပ်ငန်းလည်ပတ်မှုပြောင်းလဲရာတွင် အဟန့်အတားဖြစ်နေသည်။ တစ်နှစ်တာစက်ဝန်းတွင်း ရခိုင်ဒေသအခြေအနေနှင့် ထိတွေ့မှုနည်းသော၊

---

[2] Eldebo, J, Zamore, L 2018, "Dangerous Decisions: On the Ideals and Incentives that Guide Humanitarian Decision-Making," *Pathfinders,* available from: https://medium.com/sdg16plus/dangerous-decisions-on-the-ideals-and-incentives-that-guide-humanitarian-decision-making-ad18f5586135.

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ရင်းနှီးကျွမ်းဝင်မှုနည်းသော မန်နေဂျာများသည် အုပ်ချုပ်ရေး၊ အစီရင်ခံစာရေသားရေး၊ အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တခြားနေရာတစ်ခုသို့ ရာထူးမတိုးခင်ထိ လုပ်ကြလေသည်။ အဖွဲ့အစည်းများ အလုပ်လုပ်လည်ပတ်ပုံနှင့်ပတ်သက်၍ ပြောင်းလဲမှုလုပ်နိုင်စွမ်းနည်းပါးသည်။ ထိုအရာသည် ဆက်ဆံရေးများကို ထိခိုက်စေပြီး ဒေသအခြေအနေကိုသိမြင်မှုနည်းပါးသောသူများက အရပ်ဖက်အဖွဲ့အစည်း (CSOs) ဝန်ထမ်းများကိုပါ စိတ်ပျက်စေသည်။

အဖွဲ့အစည်းရုံးချုပ်အတွက် နှစ်စဉ်နှစ်တိုင်းတိုးပွားလာသည့် ရန်ပုံငွေရလိုသည့်ဆန္ဒသည်လည်း ပူးပေါင်းဆောင်ရွက်မှု အတွက် အတားအဆီးဖြစ်သည်။ အရပ်ဖက်အဖွဲ့အစည်း (CSOs)များနှင့် ရေရှည်မိတ်ဖက်ဖွဲ့စည်းမှုသည် တွက်ခြေကိုက်သော်လည်း ဒေသခံဝန်ထမ်းအများအပြားကို ငှားရမ်းခြင်းသည် အဖွဲ့အစည်းဘက်ဂျက်ကို တိုးစေသည်။ ဒေသခံဝန်ထမ်းအများအပြား ရှိခြင်းသည် တစ်သီးပုဂ္ဂလစွမ်းရည်များကို မြှင့်တက်စေသော်လည်း အရပ်ဖက်အဖွဲ့အစည်းများ ကျယ်ပြန့်အားကောင်းစေရေး အတွက်မူ အထောက်အကူမဖြစ်ပေ။

## ဘာသာစကား၊ တစ်ကိုယ်တည်းသီးသန့်ဖြစ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း

နိုင်ငံတကာဝန်ထမ်းနှင့် ဒေသခံအဖွဲ့အစည်းများအကြား ဘာသာစကားအတားအဆီးသည်လည်း အတားအဆီးတစ်ခုဖြစ်သည်။ ဒေသခံအဖွဲ့အစည်းအများအပြားတွင် အလွန်နည်းပါးသောလူနည်းစုသာ အင်္ဂလိပ်စာစွမ်းရည်ရှိကြသည်။ နိုင်ငံခြားသား **မစိုးတာပို့** လောက်သာ ဒေသခံစကားကို ပြောတတ်သည်။ အတွေ့အကြုံရှိသည့် ဘာသာပြန်ဆိုသူ ရှာဖွေရာတွင် အခက်အခဲရှိခြင်း၊ ရခိုင်တွင်ပြောဆိုသည့် ဘာသာစကားတို့၏ စံသတ်မှတ်ထားသောအသုံးအနှုန်းစကားရပ်များမရှိခြင်း[3] နှင့် ဘာသာပြန်ရန်အတွက် အချိန်အများကြီး ယူရခြင်း တို့သည် နှစ်ဦးနှစ်ဖက်ပူးပေါင်းရွက်ရာတွင် အတားအဆီးဖြစ်စေသည်။

ပူးပေါင်းဆောင်ရွက်မှုကို ကြန့်ကြာစေသည့် ယုံကြည်မှုမရှိခြင်းသည် နိုင်ငံတကာ (INGOs) နှင့် ဒေသခံအဖွဲ့အစည်းမှ ဝန်ထမ်း များ၏ သီးသန့်လွတ်လပ်သောဆက်ဆံမှုမရှိခြင်းအတွက် အကြောင်းပြချက်တစ်ခုဖြစ်နေပေသည်။ ၂၀၁၄ ခုနှစ်ကတည်းက နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) များကို မည်သည့်နေရာတွင် ရုံးဖွင့်ရမည်၊ နိုင်ငံခြားသားဝန်ထမ်းများ မည်သည့်နေရာတွင် နေရမည်ဆိုသည့် အစိုးရ၏ကန့်သတ်မှုများသည် အတိုင်းအတာတစ်ခုအထိ ပတ်သက်ဆက်နွယ်မှုကို ဟန့်တားနေသည်။

အဂတိလိုက်စားခြင်း နှင့် ခွဲခြားဆက်ဆံခြင်းသည်လည်း အခြားသောအတားအဆီးများဖြစ်သည်ဟု ဆိုသည်။ တစ်ခါတစ်ရံ ဒေသခံဝန်ထမ်းတို့သည် သူတို့၏နိုင်ငံခြားသား (စီမံအုပ်ချုပ်ရသော) လုပ်ဖော်ကိုင်ဖက်များထံမှ လေးစားမှုမရရှိကြဟုဆိုသည်။ အရပ်ဖက်အဖွဲ့အစည်း(CSOs)ဝန်ထမ်းများသည်လည်း ထိုနည်းငှင်း ခံစားရသည်ဟုဆိုသည်။ နိုင်ငံတကာအဖွဲ့အစည်းရုံးချုပ်တို့မည်သည် ဘာသာစကားအခက်အခဲကိုမှ စိတ်မရှည်ကြ၊ စိတ်ကသိကအောက်ဖြစ်ကြသည်ဟု ထင်မှတ်ရသည်။ ၎င်းသည် အဓိပ္ပါယ်ပြည့်ဝသော ဆက်ဆံရေးအပေါ်အထောက်အကူမဖြစ်ပါ။ တချို့ကိစ္စများတွင် နိုင်ငံခြားသားများသည် မောက်မာကြ

[3] Translators Without Borders (TWB) are doing valuable work to build common vocabularies.

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

သည်။ အရပ်ဖက်အဖွဲ့အစည်း (CSOs)များနှင့် အလုပ်လုပ်လိုစိတ်ဟန်ပြသာရှိခြင်း၊ အပေါ်အောက်အာဏာစိတ်ရှိခြင်း (သို့မဟုတ်) ဝန်ထမ်းများ၏အမြင်သဘောထားများကို နားလည်ပေးနိုင်စွမ်းမရှိသူများအဖြစ် မြင်ကြသည်။ အရပ်ဖက်အဖွဲ့အစည်း (CSOs) တစ်ခုမှ တချို့နိုင်ငံတကာအဖွဲ့များသည် ရခိုင်အမျိုးသမီးအဖွဲ့များနှင့် အလုပ်များကို လက်တွဲမလုပ်ချင်ဟု ဆိုကြသည်။ အကြောင်းအရင်းမှာ သူတို့သည် အမျိုးသမီးများကို ပညာမတတ် (သို့မဟုတ်) အလုပ်တွဲလုပ်ရန် ခက်ခဲမှုရှိမည်ဟု ယူဆကြသောကြောင့်ဖြစ်သည်ဟု ဖွင့်ဟပြောဆိုကြသည်။

တုန်လှုပ်ဖွယ်ကောင်းသည့်အချက်မှာ နိုင်ငံတကာအေဂျင်စီ (UN) ဝန်ထမ်းတစ်ချို့မှ ဖောက်သည်ချလိုက်သည့်အရာပင် ဖြစ်သည်။ ထိုဝန်ထမ်းတို့က သူတို့၏အဖွဲ့အစည်းကိုယ်တိုင်၌ ခွဲခြားဆက်ဆံရေးနှင့် လူမျိုးရေး အစွန်းရောက်ဝါဒရှိနေသည်ဟု ဆိုသည်။ ကုလသမဂ္ဂမှ နိုင်ငံခြားသား ဝန်ထမ်းများကြား၌ အာရှသားနှင့် အာဖရိကသားတို့အပေါ်ပြဿနာဖြစ်စေနိုင်သည့် သဘောထားအမြင်များ၊ ပုံစံခွက်အမြင်နှင့် မလိုမုန်းတီးရေး တို့ရှိပေသည်။ "ကျုပ်ကတော့ ဘောလိဝုဒ်နဲ့ယောဂကို စိတ်ကုန်တယ် ဗျာ" ဟု လက်ခံဖြေဆိုသူတစ်ဦးမှ ပြောကြားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့များ၏ ယဉ်ကျေးမှုဓလေ့ တစ်ခုဖြစ်သော အထက်အောက် ဖိစီးမှုသည် လစာပေးသည့်စကေးများကြားတွင်သာမက ဒေသခံဝန်ထမ်းနှင့် နိုင်ငံခြားသားဝန်ထမ်းများက ပတ်ဝန်းကျင်ကို နီးနွယ်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်။ ၎င်းမှတစ်ဆင့် အရပ်ဖက်အဖွဲ့အစည်း (CSOs)များနှင့် ဆက်လက်ပတ်သက်ရာ တွင်လည်း အကျိုးသက်ရောက်မှုရှိသည်။ နိုင်ငံခြားသားဝန်ထမ်းတစ်ဦးမှဖြေဆိုသည့် ကုလသမဂ္ဂအဖွဲ့များအတွင်း သိသာထင်ရှားသောယူဆချက်တစ်ခုမှာ အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် ဘက်လိုက်ကြသည်ဟူသည့် အချက်ပင် ဖြစ်သည်။ ၎င်းသည်ပင် တယူသန်သည့် သဘောထားဖြစ်နေသည်။

## အသိုင်းအဝိုင်းများအကြားဆက်ဆံရေး

မွတ်ဆလင်အသိုင်းအဝိုင်းများသည် အဖွဲ့အစည်းများဖွဲ့စည်းခွင့်မရခြင်းအပါအဝင် တခြားပြင်းထန်သော ကန့်သတ်ချက်များ ခံစားနေရခြင်းသည် ဒေသအသိုင်းအဝိုင်းများအကြားပေါင်းစပ်မိရေးအပေါ် အခရာကျသော အခက်အခဲများဖြစ်နေသည်။ ၎င်းသည်ပင် တချို့သောတင်းကြပ်သည့် ဘက်မလိုက်ရမှုဝါဒရှိသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်း များကြား ပူးပေါင်းဆောင်ရွက်ရေးကို အဟန့်အတားဖြစ်စေသည်။ လက်ခံဖြေဆိုသူတစ်ဦးက သူတို့အဖွဲ့အစည်းသည် မွတ်ဆလင်များအား အဖွဲ့ဖွဲ့ခြင်းကန့်သတ်ထားသည့်အတွက် အရပ်ဖက်အဖွဲ့အစည်း (CSOs) များနှင့်လည်း မူဝါဒအရ မိတ်ဖက်မဖွဲ့နိုင်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

လတ်တလောပဋိပက္ခဖြစ်စေသည့် အရာများသည် ရခိုင်ပြည်အလယ်ပိုင်းရှိရခိုင်နှင့် မွတ်ဆလင်အသိုင်းအဝိုင်းတို့အကြား ဆက်ဆံရေးတိုးမြှင့်စေပုံရသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၂ ပဋိပက္ခကို သမားရိုးကျနားလည်ထားရှိမှုများအား ပြန်လည်တွက်ဆကြမှုတို့ကြောင့်ဖြစ်သည်။ ၎င်းသည် အဖွဲ့အစည်း လောကကိုပါ ရိုက်ခတ်မှုရှိသည်။ တချို့အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် ယခင်က သူတို့မလုပ်ခဲ့ဖူးသော မွတ်ဆလင်အသိုင်းအဝိုင်းအတွက်ပါ အလုပ်စလုပ်လာကြသည်။ တချို့ အရပ်ဖက်အဖွဲ့အစည်း (CSOs) မှ ဝန်ထမ်းများသည် မွတ်ဆလင်များအပါအဝင် မတူကွဲပြားသော လူမျိုး၊ ဘာသာဝင် တို့နှင့် အချိန်အကြာကြီး အလုပ်တွဲလုပ်လာကြသည်။

## ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

မွတ်ဆလင်အသိုင်းအဝိုင်းနှင့် အလုပ်တွဲလုပ်ခြင်းသည် များသောအားဖြင့် လျှို့ဝှက်စွာလုပ်ကြရပြီး ဖေ့စ်ဘွတ် စာမျက်နှာများပေါ်တွင် လူသိရှင်ကြားမတင်ကြပေ။ ဆက်ဆံရေးတိုးမြှင့်နေသည်ဆိုသော်ငြားလည်း စာနာ နားလည်မှုမှာ နည်းပါးနေသေးပြီး ပတ်ဝန်းကျင်မှဖိအားကလည်း ပြင်းထန်နေဆဲဖြစ်သည်။ အုပ်စုလိုက်ဆွေးနွေးခြင်း (FGD) တစ်ခုတွင် နိုင်ငံတကာအေဂျင်စီမှ ဝန်ထမ်းတစ်ဦးက သူတို့သည် မွတ်ဆလင်များနှင့်အတူ အလုပ်လုပ်သည့်အတွက် ပတ်ဝန်းကျင်က "သစ္စာဖောက်" များအဖြစ် အမြင်ခံနေဆဲဖြစ်သည်ဟု ထုတ်ဖော် ပြောကြားခဲ့သည်။

ဒုက္ခသည်စခန်းမှ လက်ခံဖြေဆိုသူကမူ မွတ်ဆလင်များအပေါ် ခွဲခြားဆက်ဆံမှုများရှိနေသည့်တိုင်အောင် ဒေသခံအဖွဲ့များ သည် မွတ်ဆလင်များရှိသည့် စခန်းများတွင်ပါ အလုပ်လုပ်သင့်သည်ဟု ဆိုသည်။ ထိုမှသာ အရေးပါသောသတင်းစကားများကို ပေးပို့နိုင်မည်ဖြစ်ပြီး ရခိုင်ဒေသ၌နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုကသာ မွတ်ဆလင်များအားကူညီနေသည်မဟုတ်ဆိုသည်ကို ပါ ပြသရာရောက်သည်။

လူထုအခြေပြုအဖွဲ့ (CBOs) များအကြား စိုးရိမ်ပူပန်မှုများမှာ အကယ်၍ သူတို့သာ နိုင်ငံတကာအေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်လျှင် သူတို့ကိုပါ မွတ်ဆလင်ထောက်ပံ့သူအဖြစ် တံဆိပ်ခတ်ခံရမည်ကို ကြောက်နေကြသည်။ သို့ရာတွင် နိုင်ငံတကာကသာ လတ်တလောနေရပ်စွန့်ခွာထွက်ပြေးနေရသည့် ရပ်ရွာအသိုင်းအဝိုင်းကို ဖိဖိစီးစီးကူညီလိုက်ပါက ထိုသို့ဖြစ်လာမည်မဟုတ်ဟု ယုံကြည်ချက်ရှိနေကြသည်။ တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတကာအေဂျင်စီများသည် မွတ်ဆလင် များနှင့် အလုပ်မလုပ်သည့်ဒေသခံအဖွဲ့အစည်းများနှင့်ပါ ပို၍ပို၍ပူးပေါင်းဆောင်ရွက်နေကြသည်။

နိုင်ငံတကာအသိုင်းအဝိုင်းများအကြား မပျောက်ကွယ်နိုင်သောအမြင်တစ်ခုက ရခိုင်အသိုင်းအဝိုင်းမှ အဖွဲ့အစည်းများသည် မွတ်ဆလင်များအတွက် အလုပ်လုပ်လိမ့်မည်မဟုတ် ဟူသည့်အရာပင်ဖြစ်သည်။

နိုင်ငံတကာအဂျင်စီများမှ နိုင်ငံခြားသားဝန်ထမ်းတချို့သည် ဒေသခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာခြင်းသည် ရခိုင်နှင့် မွတ်ဆလင်များကြား လူမှုပေါင်းစည်းရေး၊ လူမှုသဟဇာတဖြစ်ရေး (Social Cohesion) တိုးတက်စေဖို့ရန်အတွက် အလားအလာ ကောင်းများဖြစ်စေသည်ဟု ကောက်ချက်ချကြသည်။ ပူးပေါင်းဆောင်ရွက်မှု မှတဆင့် ပဋိပက္ခအပေါ် မတူကွဲပြားသော အမြင်များအား နားလည်သဘောပေါက်မှု သိသိသာသာရှိလာခြင်း (သို့မဟုတ်) ဒေသခံအဖွဲ့အစည်းများ မွတ်ဆလင်များနှင့် တွဲပြီးအလုပ်လုပ်ရန် လိုအပ်ချက်များမှတစ်ဆင့် ထိုသို့တိုးတက်လာနိုင်သည်ဟု အခိုင်အမာပြောဆိုကြသည်။

အရပ်ဖက်အဖွဲ့အစည်း (CSOs) များအကြား စိုရိမ်ပူပန်မှုများမှာ နိုင်ငံတကာအေဂျင်စီများသည် ယုံကြည်မှုမတည်ဆောက်နိုင်သေးသည့်ကာလ၊ ပဋိပက္ခလွန်ကာလအခြေအနေ၌ မျှော်မှန်းချက်များအား ကိုင်တွယ်မှု မရှိသေးခင်စပ်ကြားကာလ၌ ရခိုင်နှင့် မွတ်ဆလင်အသိုင်းအဝိုင်းအကြား လှုပ်ရှားမှုတို့ကို မြန်မြန်ဆန်ဆန်လုပ်ချင် နေကြခြင်းဖြစ်သည်ဟု ဆိုသည်။

အရပ်ဖက်အဖွဲ့အစည်း (CSOs) ခေါင်းဆောင်တစ်ဦးမှ " တစ်ခါတစ်ခါ နိုင်ငံတကာအဖွဲ့အစည်းများသည် ဒေသအခြေအနေကို ထည့်မတွက်ဘဲ ကိုယ်တွေဆီက သူတို့လိုချင်တာယူတယ်။ ကျွန်တော်တို့ဟာ အသုံးချခံရသလို ခံစားမိတယ်။ အခက်အခဲအနေနဲ့ အန္တရာယ်များတဲ့ တချို့လှုပ်ရှားမှုတွေကို သူတို့က လုပ်ချင်တယ်။ ဉပမာအားဖြင့် ပဋိပက္ခဖြစ်နေတဲ့ အသိုင်းအဝိုင်းနှစ်ခုကို သူတို့က ဆက်စပ်ပေးချင်တယ်။ ဒါဟာ ကိုယ်တွေအတွက် အလွန်အန္တရာယ်များလွန်းတယ်။ သူတို့ဟာ သူတို့ရဲ့ လုပ်ငန်းပလန် (Work plan)

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ကို ပြီးစီးဖို့ဘဲ အာရုံစိုက်တယ်။ တစ်ခါတစ်လေကျ သူတို့လိုအပ်တာက
ကျွန်တော်တို့ပြောပြတာကို သေသေချာချာလေး နားထောင်ပေးဖို့ပါဘဲ” ဟုပြောဆိုခဲ့သည်။

## မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ စိန်ခေါ်မှု

### စာချုပ်ချုပ်ဆိုခြင်း၊ စွမ်းဆောင်ရည်နှင့် ဝန်ထုပ်ဝန်ပိုး

ဒေသခံအဖွဲ့အစည်းအများအပြားသည် သူတို့လိုချင်သလောက်ထိ
ထိရောက်ရောက်လည်ပတ်ရန်လုံလောက်သည့် စွမ်းရည်မရှိ ဟူသော ယေဘူယျအားဖြင့်မြင်ကြသော
အမြင်တစ်ခုရှိသည်။ သို့သော်လည်း ဒေသခံအဖွဲ့အစည်း များကမူ ပူးပေါင်းဆောင်ရွက်မှု ကတဆင့်
သူတို့အနေနဲ့အသစ်အသစ်သော စွမ်းရည်များရရှိရန် အခွင့်အရေး ရှိသည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ ဤအစီရင်ခံစာ၏ တစ်နေရာရာတွင် ဖော်ပြခဲ့သကဲ့သို့ တချို့သောလက်ခံဖြေဆိုသူများက
နိုင်ငံတကာအေဂျင်စီများသည် သူတို့၏လုပ်ငန်းပလန်ကို အပြည့်အဝပြီးစီးနိုင်ရန်အတွက် (သို့မဟုတ်)
သူတို့အေဂျင်စီတို့၏ ရည်မှန်းချက်များ ပြည့်မှီစေရန်အတွက်သာ ဒေသခံအဖွဲ့အစည်းများနှင့်
ချိတ်ဆက်လာကြသည်ဟု ခံစားမိနေကြသည်။ ဒေသခံအဖွဲ့အစည်းများကို
အမှန်တကယ်အားကောင်းလာစေရန် ကူညီလို၍မဟုတ်ချေ။ ဟန်ပြသာသာအဆင့်ရှိသည့်သင်တန်း များ၊
အရပ်ဖက်အဖွဲ့အစည်း (CSOs) များ၏ အကြံညာဏ်ကို နားထောင်ရန်အားနည်းခြင်းတို့သည်
ထင်ရှားသည့်သာဓကများ ဖြစ်သည်ဟုဆိုသည်။

တချို့ကိစ္စများတွင် နိုင်ငံတကာအေဂျင်စီများသည် ဒေသခံအဖွဲ့အစည်းများကို
သူတို့၏ကိုယ်ပိုင်ရည်ရွယ်ချက် ပေါက်မြောက်ရန် အတွက်သာ အသုံးချသွားသည်။ ဒေသခံ
အရပ်ဖက်အဖွဲ့အစည်း (CSOs) များအတွက် ထင်သာမြင်သာရှိသည့် အကျိုးကျေးဇူး များမရစသည့်
စိုးရိမ်ပူပန်မှုများရှိကြသည်။

နိုင်ငံတကာအေဂျင်စီများသည် သူတို့၏လုပ်ရှားမှုများတွင်
အကောင်အထည်ဖော်နိုင်ရန် ဒေသခံအဖွဲ့အစည်းများကို စာချုပ်ချုပ်ကြသည့်အပေါ်
ဝိရောဓိအနည်းငယ်ရှိသည်။ တချို့အွန္တရာယ်များကိုမူ သေသေချာချာ ရွေးချယ်ဖော်ထုတ်နိုင်သည်။
ထင်ရှားသောသာဓကတစ်ခုမှာ ဒေသခံအဖွဲ့အစည်းများကို သူတို့ရမည့် အခွင့်အလမ်းသည်
ထိုအရပ်ဖက်အဖွဲ့အစည်း (CSOs)၏ ကျွမ်းကျင်မှုနှင့်ဖော်ပြထားသည့် ရပ်တည်ချက်ကတိ သစ္စာတို့နှင့်
မအပ်စပ်သည့်တိုင်အောင် နိုင်ငံတကာအဖွဲ့အစည်း အမျိုးမျိုးနှင့်ချုပ်ဆိုသည့် စာချုပ်များ အပေါ်လိုက်နာရန်
မက်လုံးပေးမှုများဖြစ်သည်။ အရည်အသွေးညံ့ဖျင်းသည့်အကောင်အထည် ဖော်ဆောင်ရွက်မှု
အွန္တရာယ်အပါအဝင်လုပ်ဆောင်ချက်အမျိုးမျိုးအတွက် ငွေကြေးမက်လုံးပေးမှုများ၊ အဖွဲ့အစည်း၏
လက်လှမ်းမှီမှုထက် ထပ်ကျယ်ပြန့်အောင်ပြုလုပ်ပေးခြင်းသည် ထိုအဖွဲ့အစည်းအတွက်
ဝန်ထုတ်ဝန်ပိုးဖြစ်စေသည်သာမက ပုံရိပ်ကိုပါ ထိခိုက်စေလေသည်။ ၄င်းကို “အလှူရှင်ထောင်ချောက်
(Donor Trap)” ဟုခေါ်သည်။

တချို့အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် သူတို့အဖွဲ့အစည်း၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတန်း
ညှိပေးနိုင်သည့် ကိစ္စရပ်တို့တွင်သာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဆွေဖွဲ့မည်ဟုဆိုသည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ထိုးထွင်းဖန်တီးနိုင်သော အခြေအနေလည်း ရှိပေသည်။ မည်သည့်ဒေသခံအဖွဲ့အစည်းမှ မရှိသေးသည့် နေရာတစ်ခုတွင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုသည် ဒေသအသိုင်းအဝိုင်းကို အခြေခံအဆောက်အဦးများ တည်ဆောက်သည့် စီမံကိန်းအတွက် လထုအခြေပြုအဖွဲ့အစည်း (CBOs)များ ထူထောင်ရန် တိုက်တွန်းခဲ့သည်။ ထို့နောက် နည်းပညာအကူအညီတစ်ချို့ ထောက်ပံ့ပေးပြီး စီမံချက်အကောင်အထည်ဖော်ရန် စာချုပ်ချုပ်ခဲ့သည်။ ၎င်းသည် ဒေသခံရပ်ဝန်းကို စွမ်းဆောင်ရည်များ ရရှိသွားစေခြင်းနှင့် တိုက်ရိုက်ငွေကြေး ထောက်ပံ့မှု စီးဆင်းသွားစေခြင်းတို့ကို ဖြစ်ပေါ်စေပေသည်။

## အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ

အရပ်ဖက်အဖွဲ့အစည်း (CSOs) များနှင့် နိုင်ငံတကာအုပ်စုများမှ လက်ခံဖြေဆိုသူများက အဖွဲ့အစည်းများအတွက် လိုအပ်ချက် တစ်ခုဖြစ်သည်ဟုဆိုသည်။ သေးငယ်ပြီးစေတနာ့ဝန်ထမ်းများကိုသာ အားကိုးအားထား ပြုနေရသည့်အဖွဲ့များသည် အဖွဲ့အစည်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗျူဟာချက်ကို အသိအမှတ်ပြုမှုမရှိပါ။ Local Resource Centre (LRC) သည် မြောက်ဦးနှင့်စစ်တွေရှိ အရပ်ဖက်အဖွဲ့အစည်း (CSOs) များအတွက် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသည် ပဏာမဦးစားပေးဖြစ်သည်ကို ယခင်ကတည်းကရှာဖွေတွေ့ရှိထားသည်။ အထူးသဖြင့် အဖွဲ့အစည်းဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများမရှိခြင်း၊ ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် လုံခြုံရေးပေါ်လစီများကင်းမဲ့ခြင်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲနိုင်စွမ်းမရှိခြင်းတို့မှာ သက်သေသာဓက များပင်ဖြစ်သည်။

ဒေသခံအဖွဲ့အစည်းအများအပြား၏ သဘောသဘာဝဖြစ်သော အခြေပြုခြင်း၊ ခေါင်းဆောင်အဝေးသို့ရောက်နေလျှင် (သို့မဟုတ်) ခေါင်းဆောင်သည် အဖွဲ့အစည်းကို ဆက်လက်ဦးဆောင်နိုင်စွမ်းမရှိတော့သည့်အခါမျိုးတွင် ဖြစ်ပေါ်တတ်သည့် အခက်အခဲများသည် အဓိကအမှုထားရမည့်ကိစ္စများဖြစ်သည်ကို တွေ့ရှိရသည်။ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုသည် စီမံချက်အကောင်အထည်ဖော်နေစဉ်အတွင်း အချိန်ကြန့်ကြာမှုတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှင့် တွဲလုပ်သည့် အရပ်ဖက်အဖွဲ့အစည်း (CSOs) ၏ ဒါရိုက်တာသည် အဝေးရောက်နေသောကြောင့် သူမရှိဘဲ ဆုံးဖြတ်ချက်မချနိုင် သည့်အတွက် နှစ်လကျော်ကြာ ကြန့်ကြာခဲ့ရသည်။ ကျား၊မ၊ လူမှုလိင်နှင့်ပတ်သက်သည့် နီးကြားမှု၊ သိမြင်မှုနည်းပါးသည့် အတွက်လည်း ဒေသခံအဖွဲ့အစည်းများ၏ အဆင့်မြင့်ရာထူးများ၊ ခေါင်းဆောင်မှုအပိုင်းတို့ကို အမျိုးသားများကသာ လွှမ်းမိုးထားကြသည်။

အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို လိုအပ်နေဆဲဖြစ်နေသည့် အချိန်အတောအတွင်း နိုင်ငံတကာအဖွဲ့များ၌ ဒေသခံအဖွဲ့များ ကို တွန်းအားပေးစေခိုင်းမှုအလေ့အထရှိနေခြင်းသည် ပူးပေါင်းဆောင်ရွက်မှုအတွက် အန္တရာယ်တစ်ခုဖြစ်သည်ဟု သဘောထား ကြသည်။ လက်ခံဖြေဆိုသူတော်တော်များများက နိုင်ငံတကာ အဖွဲ့အစည်းများသည် ဒေသခံအဖွဲ့အစည်းများကို ဒေသနှင့် ပိုဆီလျော်သည့် ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းအစား သူတို့နိုင်ငံတကာအဖွဲ့အစည်း (INGOs)များ၏ လမ်းကြောင်း အတိုင်း တိုးတက်စေရန်သာ အားပေးအားမြှောက်ပြုလုပ်နေကြသည်ဟု မှတ်ချက်ပြုကြသည်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးက ရခိုင်အရပ်ဖက်အဖွဲ့အစည်း (CSOs) များသည် နိုင်ငံတကာအဖွဲ့များနှင့် မတူညီသည့်အလျောက် သူတို့မှာ မကူညီသည့်အမြင်များရှိလိမ့်မည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ထိုအမြင်ထဲမှာ တစ်ယူသန်အမြင်များနှင့် စွမ်းရည်ဆိုင်ရာ ကိစ္စတို့ ပါဝင်ကောင်းပါဝင်နိုင်သည်ဟု ဖြေကြားခဲ့သည်။ အခြားနိုင်ငံတကာအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးကလည်း အရပ်ဖက်အဖွဲ့အစည်း(CSOs)များလုပ်နေသည့်အလုပ်ကို ပညာရပ်ပိုင်းအားဖြည့်ပေးလိုက်မှုကတဆင့် ထိုအဖွဲ့အစည်းများသည် စိတ်အားထက်သန်မှု အပေါ်အခြေခံ၍ လုပ်နေသည့်အဖွဲ့များအဖြစ်က အသက်မွေးဝမ်းကျောင်းအပေါ်အခြေပြုသည့် အဖွဲ့များ အဖြစ်သို့ ပြောင်းလဲ သွားမည်လား ဟူ၍လည်း သူ၏စိုးရိမ်မှုတစ်ခုကို ဝေမျှခဲ့သည်။

နိုင်ငံတကာအေဂျင်စီ UN ရုံးချုပ်တစ်ခုမှလည်း နိုင်ငံတကာအေဂျင်စီများသည် ဒေသခံအဖွဲ့အစည်းများကို တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာမူဘောင် (Accountability Framework) ကို အတင်းအကျပ်လိုက်နာခိုင်းနေသည်ဟု ထောက်ပြပြောဆို ခဲ့သည်။ ထိုမူဘောင်မှာ စစ်တွေမြို့တွင်ရှိသည့် သာမာန်အရပ်ဖက်အဖွဲ့အစည်း (CSOs)များနှင့် လုံးလုံးကွဲပြားနေသည့် အေဂျင်စီ များအတွက် ဒီဇိုင်းဆွဲပေးထားခြင်းဖြစ်ပြီး ဆယ်စုနှစ်များစွာချီ၍ ပြင်ဆင်ဖြည့်စွက်ခဲ့ရသည့် မူဘောင်ဖြစ်သည်။

ထိုမူဘောင်များကို အရပ်ဖက်အဖွဲ့အစည်း(CSOs)များအား မိတ်မဆက်ခင်အတော်အတန်ရိုးရှင်းအောင်ပြင်ဆင်ပြီး ဖြစ်ကောင်း ဖြစ်နိုင်သည့်တိုင်အောင် အငြင်းပွားစရာအချက်တစ်ချက်အဖြစ်ကျန်ရှိနေဦးမည့် အရိပ်လက္ခဏာရှိသည်။ အရပ်ဖက်အဖွဲ့အစည်း (CSOs)ဝန်ထမ်းတစ်ဦးက သူတို့၏ဦးစားပေးမှုမှာ ကျွမ်းကျင်လိမ္မာသည့် ဝန်ထမ်းများရရှိရေး၊ ဒေသ၏လက်ခံမှုရရှိရေးတို့သာ ဖြစ်သည်။ ထိုအရာများရရှိရန်အတွက်လည်း အချိန်ပေးရန်လိုအပ်သည်ဟုဆိုသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များ မူဝါဒများနှင့် ကိုက်ညီစေရန်အလို့ငှာ အရင်းအမြစ်များ သုံးစွဲခြင်းသည် သူတို့၏ ဦးစားပေးမဟုတ်ဟု ပြောကြားခဲ့သည်။

အရပ်ဖက်အဖွဲ့အစည်း(CSOs)ကိုယ်စားလှယ်တစ်ဦးမှ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှသူတို့ကို စီမံချက်ဒီဇိုင်း ရေးဆွဲရာ နှင့် အလုပ်တာဝန်များရေးဆွဲရာတွင် (INGOs) တစ်ခုကဲ့သို့ဖြစ်စေဖို့ရာ တွန်းအားပေးနေသော်လည်း အရပ်ဖက်အဖွဲ့အစည်း (CSOs)နှင့် နိုင်ငံတကာအဖွဲ့အစည်း (INGOs) ဆိုသည်မှာ အဖွဲ့အစည်း တည်ဆောက်ပုံချင်းတူညီနေသည်မဟုတ်ဟု ရင်ဖွင့်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်း (INGOs) အလုပ်တွဲလုပ်သော အတွေ့အကြုံနည်းသည့် အရပ်ဖက်အဖွဲ့အစည်း(CSOs) တစ်ခုမှ နိုင်ငံတကာအဖွဲ့အစည်းနှင့် ဒေသခံအဖွဲ့အစည်း တို့ကြား အကောင်အထည်ဖော်မှုပုံစံသည်လည်း ခြားနားကြောင်း ပြောဆိုခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်း (INGOs) များသည် သူတို့၏လုပ်ငန်းစဉ်ပလန် (work plan) တစ်ခုတည်းကိုသာ အာရုံစိုက်သည်ဟူသော အပျက်သဘော ဆောင်သည့်အမြင်သဘောထားများလည်း ရှိနေသည်။ လိုက်လျောညီထွေရှိမှုကို တန်ဖိုးထားသည့် အဖွဲ့အစည်း ငယ်များအတွက် နိုင်ငံတကာအဖွဲ့အစည်း(INGOs)များ၏ စီမံချက်ကိုသာ ဦးစားပေးသည့် ရည်ရွယ်ချက်ရှိခြင်းသည် ပူးပေါင်းဆောင်ရွက်ရန်အတွက် အခက်အခဲဖြစ်စေသည်။

အရပ်ဖက်အဖွဲ့အစည်းများ(CSOs)၏ ပရော်ဖရှင်နယ်ဆန်လာမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ(CSOs)၊ အသိုင်း အဝိုင်းများ ဆွဲထုတ်ပစ်လိုက်ခြင်း၊ ထိုအရပ်ဖက်အဖွဲ့အစည်း(CSOs)များ၌ရှိသော လက်တွေ့အလုပ်လုပ်မှုနှင့် ပျော့ပျောင်းညင်သာမှုတို့ကို လျော့ချပစ်လိုက်ခြင်းပင်ဖြစ်သည်ဟု မြင်ကြသည်လည်းရှိသည်။

ယခုရှာဖွေတွေ့ရှိချက်သည် ပေါင်းစည်းလုပ်ငန်းအဖွဲ့ (Paung Sie Facility)မှ မကြာသေးခင်ကပြုလုပ်ခဲ့သော အစီရင်ခံစာပါ အချက်အလက်တွေ့ရှိချက်များနှင့်ဆင်တူဖြစ်နေသည်။ ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် ရှမ်းပြည်နယ်အတွင်း အရပ်ဖက် (CSOs)များ၏ နိုင်ငံတကာအဖွဲ့အစည်း (INGOs) များနှင့် အတူအလုပ်လုပ်ခြင်းက အရပ်ဖက်အဖွဲ့အစည်း(CSOs)အချင်းချင်း ကြားက ညီညွတ်မှုကို ပြိုကွဲစေခဲ့သလား၊ အရပ်ဖက်အဖွဲ့အစည်း

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

(CSOs)များအား စီမံချက်ကိုသာ အာရုံစိုက်စေသလား၊ ငွေကြေး ထောက်ပံ့မှုနောက်ကိုသာ လိုက်စေသလား၊ အရပ်ဖက်အဖွဲ့အစည်း(CSOs)နှင့် ဒေသအသိုင်းအဝိုင်းတို့ အကွဲအပြဲကို ဖြစ်စေသလားစသည့်အရာများအပေါ် သုတေသနပြုလုပ်ခဲ့သည်။ [4]

အဖွဲ့အစည်းများကို နိုင်ငံတကာအဖွဲ့အစည်း (INGOs)များ၏ သဘောထားအတွေးအမြင်များရရှိအောင် ပြောင်းလဲပေးမည့် အစား သူတို့ကိုယ်တိုင်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်မည့်နည်းလမ်းကိုသာ ရှာဖွေဖော်ထုတ်ခွင့်ပြုသင့်သည်။

## ပေါင်းစပ်ညှိနှိုင်းခြင်း

လုပ်ငန်းတွဲဖက်အဖွဲ့အစည်းများက သူတို့ချင်းကြားတွင် ကောင်းမွန်သောပေါင်းစပ်ညှိနှိုင်းရေးရှိသည်ဆိုသော်လည်း ရခိုင်ဒေသ တွင် လည်ပတ်နေသော ဒေသခံနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းနေသေးသည်။

သတင်းအချက်အလက်များမျှဝေခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၏ ဥပမာသာဓကကောင်းများမှာ TVET လုပ်ငန်းအဖွဲ့ LRC ၏ လုပ်ငန်းများ၊ INSAG အစည်းအဝေးများနှင့် "ကိန်းသာစကားဝိုင်း" တို့ဖြစ်ကြသည်။ "ကိန်းသာစကားဝိုင်း" အစီစဉ်မှာ နိုင်ငံတကာအေဂျင်စီမှဝန်ထမ်းများနှင့် PDI ၏ စစ်တွေလူမှုရေးသိပ္ပံကျောင်း (Akyab Institute) မှ ကျောင်းသားများတွေ့ဆုံ ဆွေးနွေးကြခြင်းဖြစ်သည်။ သို့ရာတွင် ယေဘူယျအားဖြင့် ဒေသခံအဖွဲ့အစည်းများသည် ကဏ္ဍအလိုက်အလုပ်အဖွဲ့များ (သို့မဟုတ်) ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များသို့ တက်ရောက်ရန် အဖိတ်မခံရ (သို့မဟုတ်) လာမတက်ရောက်ကြပေ။ အရပ်ဖက်အဖွဲ့အစည်း (CSOs) အချင်းချင်းပူးပေါင်းဆောင်ရွက်သည့် အလုပ်အဖွဲ့ကိုတောင်မှ မဖိတ်ကြသည်ကိုတွေ့ရသည်။ ဒေသခံအဖွဲ့များ၏ လတ်တလောနေရပ်စွန့်ခွာမှုများအား ကူညီနေသည့်အခြေအနေကို နိုင်ငံတကာဂျေင်စီများ၏ ပေါင်းစပ် ညှိနှိုင်းမှုယန္တရားတွင် ပါဝင်အောင်မလုပ်နိုင်ခဲ့ခြင်းက နိုင်ငံတကာအဖွဲ့များအတွက် လက်လွတ်လိုက်ရသည့် အခွင့်အရေးတစ်ရပ် ဖြစ်သည်ဟု နိုင်ငံခြားသားလက်ခံဖြေဆိုသူများက ပြောကြားကြသည်။

## အပြောတွင်သာရှိပြီး လုပ်ဆောင်မှုနည်းခြင်း

ဒေသခံအဖွဲ့အစည်းများအကြား နိုင်ငံတကာအေဂျင်စီများ၏ အစည်းအဝေးလုပ်ရန် ချဉ်းကပ်လာခြင်း၊ သတင်းအချက်အလက် များယူသွားပြီး နောက်ဆက်တွဲဘာမှဖြစ်ပေါ်လာခြင်းမရှိသည့်အပေါ် စိတ်ကသိကအောက်ကြီးစွာဖြစ်ပေါ်နေသည်။ ဒေသခံ အဖွဲ့အစည်းမျာသည် ဆက်ဆံရေးကောင်းမွန်မှု (သို့မဟုတ်) ပူးပေါင်းဆောင်ရွက်ရန်အလားအလာရှိမှုတို့ထံမှ အသီးအပွင့်များ အဖြစ်

[4] Paung Sie Facility 2018, *Unlocking Civil Society and Peace in Myanmar: Opportunities, Obstacles and Undercurrents*, Yangon, available from: <http://www.paungsiefacility.org/uploads/3/0/1/8/30181835/civilsocietyreport_18oct_lowres.pdf>, p. 23.

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

အခွင့်အလမ်းများရရှိလာမည်ကို ကြီးစွာမျှော်လင့်ထားကြသည်။ သို့သော် မည်သည့်အရာမှ ဟုတ္တိပတ္တိ ပြန်မရကြချေ။

နောက်ထပ် နိုင်ငံတကာအေဂျင်စီများ၏ စိတ်ပျက်ဖွယ်ရာအကြောင်းအရင်းတစ်ခုကိုလည်း ထုတ်ဖော်ပြောကြားကြသည်။ နိုင်ငံတကာအေဂျင်စီများသည် စီမံကိန်းမိတ်ဖက်ရွေးချယ်ရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ကြသည်။ အရပ်ဖက် အဖွဲ့အစည်းများ နောက်ပိုင်းသိလာရသည်က မိတ်ဖက်အဖွဲ့အစည်းများကို အစကတည်းက တင်ကြိုရွေးချယ်ပြီးသားရှိသည် ဆိုသောအရာပင်ဖြစ်သည်။

ထိုနည်းတူစွာ ဒေသခံအဖွဲ့အစည်း (CSOs) မှ လက်ခံဖြေဆိုသူများက သူတို့ဆီသို့ နိုင်ငံတကာအေဂျင်စီများမှ အကြံပေးများ၊ စစ်တမ်းကောက်နေသူများ၊ သုတေသနပြုလုပ်နေသူများ ပုံမှန်လာရောက်ချဉ်းကပ်ကြသည်။ သို့သော်လည်း နောက်ဆက်တွဲ အနေဖြင့် သူတို့ဘာမှမရခဲ့။ အစီရင်ခံစာမိတ္တူတောင်မှ မရခဲ့ပါဟု ဖြေကြားခဲ့သည်။ ၄င်းအပြုအမူမျိုးသည် အကြံပြုချက်မပါဘဲ ကြိုတင်ပြဌာန်းထားသည့် ရလဒ်များနှင့် လာရောက်သည့် လည်ပတ်ခြင်းမျိုးလား၊ အဖြစ်သဘောအနေနဲ့ရောက်လာသည့် စစ်တမ်းကောက်ယူမှုပေလားစသည့် သံသယများကိုသာ ဦးတည်စေသည်။

## လုံခြုံရေး

အရေးကြီးသည့်အရာတစ်ခုမှာ နိုင်ငံတကာအေဂျင်စီများနှင့် အတူအလုပ်လုပ်နေကြသည့် ဒေသခံအဖွဲ့အစည်း အတော်အများ သည် သူတို့၏ နိုင်ငံတကာမိတ်ဖက်အဖွဲ့များက သူတို့အား မလုံခြုံသောအခြေအနေအောက်တွင် အလုပ်လုပ်ရန် တွန်းအားပေးသည်ဟု ခံစားနေရခြင်းဖြစ်သည်။ ကျေးလက်ဒေသများသို့ သူတို့သွားရောက်နေ စဉ်အတွင်း အနီးအနားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း လုံခြုံစိတ်ချရမှုမရှိကြောင်းကို ဝေဖန်ပြောဆိုခဲ့သည်။ အလှူရှင်အဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ယောက်က "ကိုယ်တွေအတွက်တောင်သွားလာရတာ မလုံခြုံဘူးဆိုရင် အရပ်ဖက်အဖွဲ့အစည်း (CSOs) များအတွက်ကျ ဘယ်လိုလုပ်လုံခြုံမှာလဲ" ဟုမှတ်ချက်ပြုခဲ့သည်။

ဆန့်ကျင်ဖက်အားဖြင့် နိုင်ငံတကာအဖွဲ့အစည်း (INGOs) မှ လက်ခံဖြေဆိုသူတစ်ဦးမှ အရပ်ဖက်အဖွဲ့အစည်း တွေဟာ သင့်တော်သည့်လုံခြုံရေးစည်းမျဉ်းစည်းကမ်းကို မလိုက်နာဘူး။ စွန့်စားကြတယ်။ သူတို့အတွက်သာမက အကူအညီပေးနေသည့် အသိုင်းအဝိုင်းကိုပါ အန္တရာယ်ဖြစ်စေနိုင်တယ်" ဟူ၍ ပြောဆိုခဲ့သည်။ တချို့အရပ်ဖက်အဖွဲ့အစည်း(CSOs)များက နိုင်ငံတကာအဖွဲ့အစည်း (INGOs) များကို စွန့်စားလိုစိတ်မရှိဟု မြင်ကြသည်။ ထိုစွန့်စားလိုစိတ်များသည် ဒေသခံအဖွဲ့အစည်း များအကြား တက်ကြွလှုပ်ရှားသော စိတ်ခံရှိခြင်းနှင့် မြန်မြန်ဆန်ဆန်ကူညီချင်စိတ်ရှိခြင်းတို့မှ ထွက်ပေါ်လာသည့်ရောင်ပြန်များ ဖြစ်နိုင်ပေသည်။ အလှူရှင်အဖွဲ့အစည်းတစ်ခုမှ လက်ခံဖြေဆိုသူတစ်ဦးက သူတွဲဖက်အလုပ်လုပ်သော အရပ်ဖက်အဖွဲ့အစည်း (CSOs)များ၏ မလုံခြုံသောဒေသများသို့ကူညီချင်စိတ်မှ အရင်းတည်လာသော မိတ်ဖက်အဖွဲ့များအကြား သတင်း အချက်အလက်မျှဝေရန် ပွင့်ပွင့်လင်းလင်းပြောဆိုဆက်သွယ်ရန် လိုအပ်ချက်များကို ထောက်ပြပြောဆိုခဲ့သည်။

## အကြံပြုချက်များ

### သက်ဆိုင်သူအားလုံးသို့

(၁) ဒေသခံနှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်းလျက် ရခိုင်ပြည်နယ်ရှိ အရပ်ဖက်အဖွဲ့အစည်းများ အားကောင်းရှင်သန် စေရေးအတွက် အတူတကွမျှဝေပြီး၊ တည်တံ့ခိုင်မြဲသော ရေရှည်မဟာဗျူဟာတစ်ရပ်ကို တည်ဆောက်သင့်သည်။

တည်မြဲပြီးရေရှည်ဖြစ်သော အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ဝန်ထမ်းနှင့်စွမ်းရည်များထိန်းသိမ်းထားနိုင်မှု (Skill retainment)၊ ယုံကြည်မှုတည်ဆောက်နိုင်ရေးတို့အတွက် ရေရှည်ပူးပေါင်းဆောင်ရွက်မှုသည် ကာလတိုစီမံကိန်းများ အပေါ် ပူးပေါင်းဆောင်ရွက်သည်ထက် ပိုလျော်ကန်သင့်မြတ်ပေသည်။

(၂) နိုင်ငံတကာနှင့်ဒေသခံအဖွဲ့အစည်းများ နှစ်ခုစလုံးတွင် အမျိုးသမီးဦးရေပါဝင်မှုတိုးမြှင့်သင့်သည်။ ရာထူးအကြီးများတွင် အမျိုးသမီးများနေရာယူနိုင်မှုတို့သည် စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး အတွက် မရှိမဖြစ်လိုအပ်နေ ပေသည်။

(၃) အရပ်ဖက်အဖွဲ့အစည်း (CSOs)များအကြားတွင် အဖွဲ့အစည်းဆိုင်ရာဦးစားပေးမှုကိုသာ ထောက်ပံ့သင့်သည်။ မည်ကဲ့သို့ အဖွဲ့အစည်း ပုံစံများသည် ဒေသအခြေအနေအောက်တွင် အလုပ်ကောင်းကောင်းလုပ်နိုင်သော ပို၍ရေရှည်တည်တံ့သောပုံစံ လည်း ဖြစ်နိုင်ပေသည်။

မတူကွဲပြားသည့် အမြင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းသည် အခြေခံတူညီမှု (Common Ground)ကို ရှာဖွေရန် အစအခြေလှမ်း လည်း ဖြစ်နိုင်သည်။ အခြေအနေကို သဘောပေါက်နားလည်မှုအား တိုးပွားစေနိုင်သည်။ တစ်ဦးတစ်ယောက်၏ စိတ်ဓာတ်ဆိုင်ရာ ကိုလည်း ပြောင်းလဲစေနိုင်သည်။ ရခိုင်တွင် အလုပ်လုပ်နေသောအဖွဲ့များသည် ကွဲပြားခြားနားမှုနှင့် ကျယ်ပြန့်သောအမြင် သဘောထားများကိုသာ အာရုံမစိုက်လျှင် ကြာရှည်ခံမည်မဟုတ်ပေ။

(၄) အဓိပ္ပါယ်ရှိသော မိတ်ဖက်ဖြစ်မှုကို တည်ဆောက်သင့်သည်။ ပရိုဂရမ်ပုံစံအတွင်း၌ပါဝင်သည့် လုပ်ဆောင်ချက်များအပြင် လိုအပ်သောစွမ်းရည်နှင့် ဦးစားပေးမှုတို့ကို ရွေးချယ်ဖော်ထုတ်သင့်သည်။ ၄င်းတို့ကို ကြိုးစားတည်ဆောက်သင့်သည်။ လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာငွေကြေးနှင့်ပတ်သက်၍မူ ဒေသခံအဖွဲ့အစည်းနှင့် မိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းနှစ်ခုလုံးက ဘက်ဂျက်စီမံခန့်ခွဲနိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့ရှိသင့်သည်။ စီမံကိန်း၏ ကနေဦးအစပိုင်းကတည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် အစည်းအဝေးများပြုလုပ်ရာတွင် ဒေသခံအဖွဲ့အစည်းကိုပါ ပါဝင်စေသည်။

(၅) လုပ်ငန်းအဖွဲ့များ၊ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများတွင် ဒေသခံအဖွဲ့အစည်းများကို ပါဝင်စေသင့်သည်။ အစည်းအဝေး အစီအစဉ် (Agenda) ပြင်ဆင်ရာတွင်လည်းကောင်း၊ စေ့စပ်ညှိနှိုင်းမှုကဏ္ဍတွင်လည်းကောင်း၊ အရပ်ဖက်အဖွဲ့အစည်း(CSOs) များကို ပါဝင်စေသင့်သည်။ ၂၀၁၉ ခုနှစ်တွင် နေရပ်စွန့်ခွာမှုအသစ်များကို ကူညီနေသည့် အရပ်ဖက်အဖွဲ့အစည်းများ(CSOs)ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များတွင် ပါဝင်စေသင့်သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

(၆) ဒေသခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းနှစ်ခုစလုံးပါဝင်သည့် ပြည့်စုံသောပုံစံကားချပ်တစ်ခုကို တည်ဆောက်ပြီး ပုံမှန်မွမ်းမံသင့်သည်။ ထိုပုံစံကားချပ် (Mapping)တွင် ကဏ္ဍအသီးသီး၊ ပေါင်းစပ်ညှိနှိုင်းမှု၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့၊ ယခင်ကပူးပေါင်းခဲ့ဖူးသော အဖွဲ့များ၊ အားနည်းချက်နှင့်အားသာချက်၊ အနာဂါတ်အမြင်လုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်များ ပါဝင်သင့်သည်။

(၇) ယုံကြည်မှုနှင့် အဓိပ္ပါယ်ရှိသော မိတ်ဖက်အဖွဲ့ဖွဲ့မှုအလားအလာကို ရုံးပြင်ကနားမဆန်သည့် ဆက်ဆံရေးမှတဆင့် တည်ဆောက်နိုင်ပေသည်။ ထိုဆက်ဆံရေးမျိုးတွင် အားကစားပြိုင်ပွဲများကျင်းပခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေး (သို့မဟုတ်) အဖွဲ့အစည်းများ၏ လုပ်ငန်းကိုဖော်ပြသည့် ပြပွဲများပါဝင်သည်။ "စစ်တွေဂိမ်း" တွင် ဒေသခံအဖွဲ့များပါ ပါဝင်စေခြင်း၊ "ကိန်းသာ စကားဝိုင်း" တွင်ဒေသခံအဖွဲ့အစည်းအများအပြားကိုပါ ဖိတ်ခေါ်ခြင်း၊ ဘုမေ နှင့် ဒုက္ခသည်စခန်းများရှိ ကျောင်းသားများနှင့်ပါ တွေ့ဆုံစေခြင်းများမှာ လွယ်ကူသောနည်းလမ်းများဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည်လည်း ဒေသခံယဉ်ကျေးမှုနှင့် ဆိုင်သော ပွဲလမ်းသဘင်များသို့တက်ရောက်ခြင်း၊ ပူးပေါင်း၍ ယဉ်ကျေးမှုနှင့် အားကစားပွဲများကျင်းပပေးခြင်းတို့လုပ်သင့်သည်။ အပြန်အလှန်အကျိုးပြုကြသင့်သည်။

## ရခိုင်ဒေသရှိ ဒေသခံအဖွဲ့အစည်းများသို့

(၈) ဒေသခံအဖွဲ့အစည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အဖွဲ့အစည်းများမှ ရခိုင်ဒေသသို့ အသစ်ရောက်လာသော နိုင်ငံတကာဝန်ထမ်းများနှင့် ရခိုင်တွင်အလုပ်လုပ်ဖူးသည့် အတွေ့အကြုံမရှိသော ဒေသခံဝန်ထမ်းများကို ရခိုင်ပြည်ဒေသ အခြေအနေကို အသားကျနားလည်စေမည့် အစီအစဉ်များ ပြုလုပ်သင့်သည်။

(၉) အရပ်ဖက်အဖွဲ့အစည်းများ(CSOs) ပေါင်းစပ်ညှိနှိုင်းရေးမှူးတစ်ဦးထားရှိသင့်ပေသည်။ ထိုပေါင်းစပ်ညှိနှိုင်းရေးမှူး သည် သတင်းအချက်အလက်များဖြန့်ဖြူးရန်နှင့် ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းရန်တာဝန်ယူရမည့် သူဖြစ်သည်။

(၁၀) ဝန်ထမ်းများအကြားတာဝန်ယူမှုများ မျှဝေပေးပြီး အမျိုးသမီးများကို ရာထူးအကြီးများရယူရန် အားပေးအားမြှောက်ရှိသင့် သည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ အမျိုးသမီးများအားခန့်အပ်ခြင်းတို့ဖြစ်သင့်သည်။ ခေါင်းဆောင်တစ်ဦး တည်းအပေါ် မမှီခိုသင့်ပေ။

(၁၁) နိုင်ငံခြားသားဝန်ထမ်းများအား ရခိုင်ဘာသာစကား (သို့မဟုတ်) မြန်မာဘာသာစကား အခြေခံမိတ်ဆက်သင်တန်းများ ပေးခြင်းက ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေသည်။ ထိုသင်တန်းကို နိုင်ငံတာအေဂျင်စီအလှူရှင်များက ငွေကြေးထောက်ပံ့ပေးပြီး ဒေသခံအဖွဲ့အစည်းများက စီမံခန့်ခွဲကာ ဘာသာစကားသင်တန်းကျောင်းတစ်ခုမှ သင်ကြားပေးသင့် သည်။

(၁၂) ကိုယ့်အဖွဲ့အစည်း၏ ရပ်တည်ချက်၊ ကျွမ်းကျင်လိမ္မာရာနှင့် အတွေ့အကြုံအပေါ်မှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖြစ်နေသင့်သည်။ အရည်အသွေးညံ့သော လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် ငွေကြေးနောက်ကိုသာ လိုက်နေခြင်း တို့ကို ရှောင်သင့်သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

(၁၃) လိုအပ်သောစွမ်းရည်များကို ရွေးချယ်ဖော်ထုတ်ပြီး နိုင်ငံတကာအေဂျင်စီများကို သိသာအောင်ထုတ်ဖော် ပြောဆိုကြသင့်သည်။ အိုင်ဒီယာအသစ်များ၊ တူရှုချက်အသစ်များနှင့် သင်ခန်းစာအသစ်များ အတွက်ပါ လမ်းဖွင့်ထားသင့်သည်။

## နိုင်ငံတကာအေဂျင်စီများနှင့် အလှူရှင်များသို့

(၁၄) ပုံမှန်အရပ်ဖက်အဖွဲ့အစည်းများ(CSOs)မိတ်ဖက်အဖွဲ့များ၏ အပြင်ဘက်တွင်လည်းပို၍သေးငယ်သော အဖွဲ့များနှင့်ပါ ချိတ်ဆက်မှုလုပ်သင့်သည်။ ကျေးရွာတွင်း အဖွဲ့အစည်းအသစ်များ ဖန်တီးတည်ဆောက်ပေးခြင်းထက် နဂိုရှိရင်းစွဲအဖွဲ့များနှင့် အလုပ်တွဲလုပ်သည်က ပို၍ရေရှည်တည်တံ့နိုင်မြဲသည်။ အခြေအနေပေါ်မူတည်၍ ဘုန်းကြီးကျောင်းနှင့် တခြားဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများပါ ပါဝင်သည်။

(၁၅) ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အပေါ်ရင်းနှီးမြှုပ်နှံမှုလုပ်သင့်သည်။ သူတို့၏ ပဏာမဦးစားပေး အချက်များ ပြည့်မှီရန်ကြိုးစားအားထုတ်ရာ၌ မည်သည့်စွမ်းရည်များလိုအပ်သည်ကို စစ်တမ်းကောက်ယူသင့်သည်။ မေးမြန်းသင့်သည်။ စွမ်းဆောင်ရည်မြှင့်တင်းခြင်းသည် သင်တန်းများပေးရုံသက်သက်မဟုတ်ချေ။ လမ်းညွှန်နည်း ပြပြုလုပ်ပေးခြင်း၊ ထောက်ပြ ပြုပြင်ပေးခြင်း၊ ဒေသခံမိတ်ဖက်အဖွဲ့များ၏ ရုံးခန်းများသို့ မကြာခဏ သွားရောက်ပေးခြင်း တို့လည်း ပါဝင်သည်။ ရုံးခန်းအတူ မျှဝေသုံးစွဲခြင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။ အရပ်ဖက်အဖွဲ့ အစည်းများ(CSOs)များနှင့် နိုင်ငံတကာအဖွဲ့အစည်းမှ ဒေသခံဝန်ထမ်းများ အတူတကွပူးပေါင်း၍ သင်တန်းလုပ်သင့်သည်။ ဖြစ်နိုင်သောနေရာများတွင် အရပ်ဖက်အ ဖွဲ့အစည်းများ(CSOs)များအား သင်တန်းများပေးလုပ်သင့်သည်။ စီမံကိန်းပြီးဆုံးသွားသည့်တိုင် ဆက်ဆံရေးကို ထိန်းထား သင့်သည်။

(၁၆) ဒေသအခြေအနေနှင့် ကိုက်ညီသည့်နည်းလမ်းအတိုင်း ဖွံ့ဖြိုးတိုးတက်လာဖို့ရန်အတွက် အဖွဲ့အစည်းငယ်များကို အကူအညီပေးရာတွင် အစီရင်ခံစာလိုအပ်ချက်များကို နည်းနိုင်သမျှနည်းပါးစေပြီး လုပ်ငန်းအကောင်အထည်ဖော်မှု ကိုသာ အာရုံစိုက်စေရန် ပို၍ ကူညီပေးသင့်သည်။

(၁၇) အစည်းအဝေးများပြုလုပ်ရခြင်း၏အကြောင်းအရင်း၊ သုတေသနနှင့်စစ်တမ်းကောက်ယူမှုတို့၏ အကြောင်း အရင်းတို့ကို သေချာစွာရှင်းပြပေးသင့်သည။ ဒေသခံအဖွဲ့များ၏ မျှော်လင့်ချက်များကိုလည်း စီမံခန့်ခွဲတတ်ရမည်။ ဆွေးနွေးအကြံပြုချက်များ အပြီးတွင်လည်း သက်ဆိုင်သူများနှင့် နောက်ဆက်တွဲထိတွေ့ပေးနေသင့်သည်။ သုတေသနတွေ့ရှိချက်များအား ထုတ်ဝေခြင်း မပြုလုပ်ခင်စိစစ်သုံးသပ်သင့်သည်။

(၁၈) သင့်အဖွဲ့အစည်းအတွင်း အရပ်ဖက်အဖွဲ့အစည်း(CSOs)ဆုံချက်တစ်ခု (CSO Focal Point) ကို သတ်မှတ် ပေးထားသင့် သည်။

(၁၉) နိုင်ငံခြားသားနှင့် ဒေသခံဝန်ထမ်းများကို ခန့်အပ်ရာတွင် ယဥ်ကျေးမှုဆိုင်ရာတုန့်ပြန်နိုင်စွမ်း (Cultural Sensitivity) နှင့် စာနာနားလည်မှု (Empathy) ရှိသော ပုဂ္ဂိုလ်များကို တတ်စွမ်းသလောက် ခန့်အပ်သင့်သည်။ ရခိုင်နှင့်မြန်မာပြည်အတွင်း ပဋိပက္ခရပ်ဝန်းကို ကြုံတွေ့ဖြေရှင်းခဲ့ဖူးသည့် အတွေ့အကြုံရှိသူများကို ခန့်အပ်သင့်သည်။ ရခိုင်သို့အသစ်ရောက်ရှိလာသည့် နိုင်ငံခြားသားနှင့်ဒေသခံဝန်ထမ်းများအတွက် အရပ်ဖက်အဖွဲ့အစည်းများ(CSOs)မှ ဦးဆောင်ပြုလုပ်သည့် ဘာသာစကား ဆွေးနွေးဖလှယ်ပွဲ (Seminar) များတက်ပေးသင့်သည်။ ထိုသူတို့အား

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

ဒေသအခြေအနေများအား မိတ်ဆက်မှုပြုလုပ်ပေးသင့် သည်။
ပိုမိုကောင်းမွန်သည့် ဒေသတွင်းဆက်ဆံရေးအတွက် ရခိုင်စကား (သို့မဟုတ်)
မွတ်ဆလင်စကားပြောနိုင်သည့် ဝန်ထမ်းများအားဦးစားပေးခန့်အပ်သင့်သည်။ အဆင့်မြင့်ရာထူးများနှင့်
စီမံခန့်ခွဲအုပ်ချုပ်ရသည့်ရာထူးများအား ဒေသခံဝန်ထမ်း များကို ခန့်အပ်သင့်သည်။

(၂၀) စိတ်ရှည်သည်းခံမှုကို ပြုလုပ်သင့်သည်။ ပြောင်းလွယ်ပြင်လွယ်လည်းရှိသင့်သည်။
ပူးပေါင်းဆောင်ရွက်မှုနှင့် အရပ်ဖက်အဖွဲ့အစည်းများ(CSOs) အားကောင်းရှင်သန်ရေးသည်
အချိန်ကြာတတ်ကြောင်း၊ အရင်းမြစ်များ သုံးစွဲရတတ်ကြောင်း၊ ကြိုတင်မျှော်လင့်ထားရန်လိုအပ်သည်။
အလှူရှင်နှင့် အေဂျင်စီများ နှစ်ဦးနှစ်ဖက် နားလည်သဘောပေါက်မှုအား စီမံကိန်း၏
အစိတ်ပိုင်းတစ်ခုအဖြစ် စီမံကိန်းဒီဇိုင်းတွင် ထည့်သွင်းရေးဆွဲသင့်သည်။ စွမ်းရည်ဖြည့်ဆည်းခြင်းသည်
အချိန်တစ်ခုအထိကြာ တတ်သည်။ အိုင်ဒီယာအသစ်များနှင့် သင်ခန်းစာ အသစ်များအတွက်
ပွင့်ပွင့်လင်းလင်းရှိပါစေ။

(၂၁) နိုင်ငံတကာအေဂျင်စီများသည် အရပ်ဖက်အဖွဲ့အစည်းများ(CSOs)အားကောင်းရှင်သန်ရေး၊ အစိုးရနှင့်
တစ်သီးပုဂ္ဂလ အားကောင်းရေးအတွက် ထွက်ပေါက်ရှာသည့် မဟာဗျူဟာ (Exit Strategies)များ
နေရာတကျ စီစဉ်ထားသင့်သည်။ ၎င်းသည်
အလှူရှင်များ၏ တောင်းဆိုချက်တစ်ခုလည်း ဖြစ်သင့်ပေသည်။

(၂၂) ပြောဆိုဆက်ဆံရေးမဟာဗျူဟာတစ်ခုရှိသင့်သည်။ ဒေသခံအဖွဲ့အစည်းများနှင့်
အသိုင်းအဝိုင်းများအပေါ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံသင့်သည်။ ယခုလက်ရှိ IDPs များသို့
ကူညီနေသည့် ဒေသအခြေအနေတွင် ပွင့်လင်းမြင်သာရှိသည့် ဆက်ဆံရေးသည်
အန္တရာယ်ရှိကောင်းရှိနိုင်သည်။ မြန်မာပြည်တွင် လက်ရှိအလုပ်ဖြစ်နေသော Facebook Messenger မှ
အမေးအဖြေစာမျက်နှာများသည် ပွင့်လင်းစွာဆက်ဆံရေး၏ သာဓကကောင်း တစ်ခုဖြစ်သည်။
နိုင်ငံတကာအေဂျင်စီများ၏ လှုပ်ရှားမှုနှင့်ပတ်သက်သည့်
လစာထုတ်သတင်းလွှာများများကို မြန်မာဘာသာဖြင့်ထုတ်ဝေပြီး ဒေသခံအဖွဲ့အစည်းများသို့
ဖြန့်ဝေသင့်သည်။ OCHA အဖွဲ့အစည်း၏ လစဉ်လတိုင်း
အရပ်ဖက်အဖွဲ့အစည်းများ(CSOs) ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေး ပြန်လည်ထူထောင်ခြင်းသည်လည်း
ထိရောက်သည့် အခြားနည်းလမ်းများဖြစ်သည်။ ဒေသခံမီဒီယာများနှင့် အချိတ်အဆက်ရှိ သင့်သည်။
နားလည်မှုလွဲခြင်းအား မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်ရန် ဒေသခံအသိုင်းအဝိုင်းများကို
အချိန်မှီအကြောင်းကြားနိုင်ဖို့ရာ မီဒီယာဆက်ဆံရေးပုဂ္ဂိုလ်တစ်ချို့စစ်တွေမြို့အဆင့်တွင် ရှိသင့်သည်။

(၂၃) ဒေသအခြေအနေသည် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ၂၀၁၂
ခုနှစ်က အေဂျင်စီအများအပြားရောက်ရှိလာသည့် အခြေအနေနှင့် မတူတော့သည်ဆိုသည်ကို
သတိမူသင့်ပေသည်။

## နိုင်ငံတကာအေဂျင်စီများသို့

(၂၄) အစိုးရနှင့် အရပ်ဖက်အဖွဲ့အစည်းများ(CSOs) ဆက်ဆံရေးကို ပိုမိုကူညီပေးသင့်သည်။
အရပ်ဖက်အဖွဲ့အစည်းများအတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍအားဖန်တီးပေးရန် အစိုးရအား

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ်ကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား
ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

သိမြင်စေသင့်သည်။ အစိုးရနှင့်နိုင်ငံတကာအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းသည့် အစည်းအဝေးများတွင် အရပ်ဖက်အဖွဲ့ အစည်းများ(CSOs)ကိုပါ တက်ရောက်စေသင့်သည်။ အရပ်ဖက် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်အတွက် အစိုးရနှင့်တွဲလုပ်သင့်သည်။ နိုင်ငံရေးအခက်ခဲရှိနိုင်ခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများ(CSOs)သည် အစိုးရဝန်ထမ်းများထက် စွမ်းရည်ရှိသည်ဟူသော အမြင်သဘောထားတို့အပေါ် နားလည်နိုင်စွမ်းရှိနေရန် လိုအပ်သည်။

(၂၅) DO NO HARM မူဝါဒများအရ လုံခြုံရေးကိစ္စများကို သတိမူသူသည် လုံခြုံရေးကိစ္စနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းဖြစ်နေ သည့် ဆက်ဆံရေးဖြစ်အောင်ထိ ဆက်ဆံရေါ်တိုးမြှင့်သင့်သည်။

## အလှူရှင်အဖွဲ့အစည်းများသို့

(၂၆) အလှူငွေများကို ဒေသခံအဖွဲ့အစည်းများအတွက် လက်လှမ်းမှီနိုင်အောင်ပြုလုပ်ပေးသင့်သည်။

အလှူငွေအသေးစားများ ရရှိနိုင်မှု၊ မြန်မာဘာသာဖြင့်ရေးသားထားသော အစီရင်ခံစာနှင့် အဆိုပြုလွှာများကို လက်ခံပေးမှု။ လုပ်ထုံးလုပ်နည်းများနှင့် အစီရင်ခံစာလိုအပ်ချက်များကို ရိုးရှင်းအောင်ပြုလုပ်ပေးမှုတို့ကို တိုးမြှင့်ပေးရန်လိုအပ်သည်။ အလှူရှင် အဖွဲ့အစည်းများသည် တိုက်ရိုက်ထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးနိုင်စေရန်အလို့ငှာ စစ်တွေ (သို့မဟုတ်) ရခိုင်ပြည်နယ်အတွင်းရှိ အခြားသောမြို့များတွင် ရုံးများ တည်ဆောက်သင့်သည်။

(၂၇) အရပ်ဖက်အဖွဲ့အစည်းများ(CSOs)၏ လုပ်ဆောင်ချက်များကို အလှူရှင်အဖွဲ့အစည်း၏ လိုအပ်ချက်များက အဆုံးအဖြတ်ပေးမည့်အစား အရပ်ဖက်အဖွဲ့အစည်းများ(CSOs)ကိုယ်တိုင် သူတို့၏လိုအပ်ချက်များ ကို ဖော်ထုတ်ခွင့်ရှိသင့်သည်။ ငွေကြေးသုံးစွဲမှုအပေါ်တွင်လည်း သူတို့သဘောအတိုင်းသာဖြစ်သင့်သည်။ အထက်အောက် ချဉ်းကပ်မှု (Bottom UP Approach) ကို ဖန်တီးပေးထားသင့်သည်။

(၂၈) ဒေသဗဟိုပြုမှုကို ရေရှည်တည်တံ့အောင် အားပေးအားမြှောက်ပြုသင့်သည်။ ဆိုလိုသည်မှာ တိုးတက်မှုမှာ နည်းကွေးသော်လည်း အဖွဲ့အစည်းအားကောင်းခိုင်မာလာမှုမှာ တိုးသထက်တိုးမြင့်လာသည်။ အရပ်ဖက်အဖွဲ့ အစည်းများ (CSOs)ကို ထိခိုက်စေနိုင်သည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းကို တတ်နိုင်သမျှရှောင်ရှားသင့်သည်။

(၂၉) စစ်တွေမြို့၌ ဘာသာပြန်ဝန်ဆောင်မှုတည်ဆောက်ရေးအတွက် ငွေကြေးထောက်ပံ့ပြီး တရားဝင်၊ နည်းလမ်းတကျ ပြုလုပ်ပေးသင့်သည် (သို့မဟုတ်) အရင်းအမြစ်များမျှဝေသုံးစွဲလျက်ရှိသော ဘာသာပြန်သူများ ကွန်ယက်ကို စနစ်တကျပြုလုပ်ပေးသင့် သည်။

## အစိုးရသို့

(၃၀) ရခိုင်ဒေသတွင်းရှိ မွတ်ဆလင်အသိုင်းအဝိုင်းများကို အဖွဲ့အစည်းထူထောင်ခွင့်ပေးသင့်သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းမှ နိုင်ငံတကာ နှင့် ဒေသခံအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အမြင်များ

(၃၁) ထိခိုက်လွယ်သော လူထုများကို အကူအညီပေးရာတွင် ရှိနေသည့်အတားအဆီးများကို ဖယ်ရှားပေးသင့်သည်။ ဒေသခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေရန် ခွင့်ပြုချက်တောင်းခံ ရာတွင် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင်ပြုလုပ်ပေးသင့်သည်။

(၃၂) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများကြား သတင်းအချက်အလက်များမျှဝေရန် NGO ပေါင်းစပ်ညှိနှိုင်း ရေးမှူးတစ်ဦးကို ဖြစ်နိုင်လျှင် DSW လက်အောက်တွင် ခန့်အပ်ထားရှိသင့်သည်။

(၃၃) နိုင်ငံတကာအေဂျင်စီများကို စစ်တွေမြို့ပေါ်ရှိ မည်သည့်နေရာတွင်မဆို ရုံးထူထောင်ခွင့်ပေးသင့်သည်။ ၄င်းသည် နိုင်ငံတကာအေဂျင်စီများနှင့် အသိုင်းအဝိုင်းများကြားမှ တသီးတခြားဖြစ်နေမှုကို လျော့ချပေးနိုင်မည်ဖြစ်သည်။

(၃၄) စီမံကိန်းအားလုံးအတွက် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိတ်ဖက်အဖြစ် ဒေသခံအဖွဲ့အစည်းတစ်ခု ရှိကိုရှိရမည်ဟူ သော မူဝါဒထားရှိသင့်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံအဖွဲ့အစည်းနှင့် အစိုးရကြား ကောင်းမွန်သောချိတ်ဆက်မှုများကို တည်ဆောက်ထားသင့်သည်။